မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၃၅၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ

မကောင်းတာ (အကုသိုလ်)ဟူသမျှ ဘာမျှ မလုပ်ပါနှင့်။

ကုသလဿ ဥပသမ္ပဒါ

ကောင်းတာ (ကုသိုလ်) မှန်သမျှ အားလုံးပြုလုပ်ပါ။

သစိတ္တပရိယောဒပနံ

မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာမလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)

ဧတံ ဗုဒ္ဓါန သာသနံ

ဤသုံးမျိုးသည် ဗုဒ္ဓ၏ အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ-၄၁)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငါးထောင်ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကို ၂၀၀၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် စတင်ထုတ်ဝေမည်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်

ရက်စွဲ။ ၂၀၀၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်။

သတင်းကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငါးထောင်ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကို ၂၀၀၉ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင် စတင်ထုတ်ဝေပါမည်။ ယင်းငွေစက္ကူသစ်ကို ပြည်သူများအား ဘဏ်ဖွင့်ချိန်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးဌာနတွင်လည်းကောင်း၊ ဘဏ်များနှင့် အစိုးရငွေတိုက်များတွင် လည်းကောင်း ထုတ်ပေးပါမည်။

လက်ရှိတရားဝင်လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူများနှင့် ငွေအကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသည်။

ငွေစက္ကူသစ်နှင့်ပတ်သက်သည့် အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ငါးထောင်ကျပ်တန် ငွေစက္ကူ

အရွယ်အစား ။ ။ ၁၅ × ၇ စင်တီမီတာ

ပေါ်လွင်သောအရောင် ။ ။ အနီရောင်

မျက်နှာစာဘက် ။ ။ ထိပ်ပိုင်းတွင် ""မြန်မာနိုင်ငံတော်ဗဟိုဘဏ်"" စာတန်း ရိုက်နှိပ်ထားပါသည်။ အလယ်ပိုင်းတွင် မြန်မာ့အနုပညာလက်ရာမြောက် ဆင်ဖြူတော်ပုံနှင့် ငွေစက္ကူတန်ဖိုးကို ဖော်ပြသည့် မြန်မာစာတန်း ""ငါးထောင်ကျပ်""တို့ကို ရိုက်နှိပ်ထားပါသည်။ အောက်ခြေတွင် မြန်မာ့အနုပညာလက်ရာမြောက် ကနုတ်ပန်းခက်များကို ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူ၏ တန်ဖိုးကို ဂဏန်းဖြင့် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ရိုက်နှိပ်ထားပါသည်။ လက်ယာဘက်ပိုင်းတွင် ဆင်ဖြူတော်ပုံ ရေစာပါရှိပါသည်။ ငွေစက္ကူတွင် လုံခြုံရေး ကြိုးတစ်ချောင်းကို ဒေါင်လိုက်ထည့်သွင်းထားပါသည်။

ကျောဘက် ။ ။ ထိပ်ပိုင်းတွင် "CENTRAL BANK OF MYANMAR" စာတန်းကို ရိုက်နှိပ်ထားပါသည်။ အောက်ခြေတွင် "FIVE THOUSAND KYATS" စာတန်းကို ရိုက်နှိပ်ထားပါသည်။ အလယ်ပိုင်းတွင် လွှတ်တော် အဆောက်အအုံပုံကို ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူ၏တန်ဖိုးကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။

ပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မျက်နှာဘက်

ကျောဘက်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၅ ရက်)

အနာဂတ်မျိုးဆက်သစ်များ အမျိုးသားရေးခံယူချက် မြင့်မားရေး ဆရာ ဆရာမများ လမ်းညွှန်ပုံဖော် ထုဆစ်ပေး

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသားပညာရည် အဆင့်အတန်းမြင့်မားမှု အနှစ်(၃၀) နှစ်ရှည်စီမံကိန်းတစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆရာများ၏အရေးပါသော စွမ်းဆောင်မှု အခန်းကဏ္ဍကို အလေးအနက်ထည့်သွင်းထားသည်။

ယနေ့ခေတ်ကို ပညာခေတ်ဟုခေါ်ဆိုကြရာ ကမ္ဘာကြီး၏ဖွံ့ဖြိုးတိုးတက်မှုများသည် ပညာရပ်များ၏ဖွံ့ဖြိုးတိုးတက်မှုတွင် အခြေပြုသွားမည်ဖြစ်သည်။ နည်းပညာရပ်များ တစ်နေ့တခြား တိုးတက်လျက်ရှိပြီး သိပ္ပံပညာနှင့်ဝိဇ္ဇာပညာ၊ နည်းပညာနယ်အသီးသီး၌ ပညာရှင်များသည်လည်း ၎င်းတို့၏နယ်ပယ်၌ ကျွမ်းကျင်ထက်မြက်နေကြရမည်ဖြစ်သည်။

သိပ္ပံပညာရပ်များ မည်သို့ပင်တိုးတက်နေစေကာမူ ပညာရှာဖွေရယူနိုင်ရန် မိမိကိုယ်တိုင် အခြေခံအကျဆုံးအဖြစ် စာရေးတတ်၊ စာဖတ်တတ်ကြရမည်ဖြစ်သည်။ ယင်းအခြေခံအကျဆုံးပညာရပ်များကို ဆရာ ဆရာမများက သင်ကြားပေးခဲ့ကြသည်။ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာသင်ဘဝများတွင်လည်းကောင်း၊ အဆင့်မြင့် တက္ကသိုလ်ပညာသင်ဘဝများတွင်လည်းကောင်း ဆရာ ဆရာမများ၏ သင်ကြားပြသမှုကြောင့် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာခဲ့သည်။

မျှော်မှန်းထားသည့် အနာဂတ်လူ့အဖွဲ့အစည်းအဖြစ် တည်ဆောက်နိုင်ရေးအတွက် မြို့ပြနှင့်ကျေးလက်ဒေသများတွင် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တစ်ပြေးညီရရှိနေပြီး အသက်မွေးဝမ်းကျောင်းပညာများကိုပါ ရွေးချယ်သင်ယူနိုင်ကြပြီဖြစ်သည်။

အနာဂတ်ကာလအတွက် မျိုးဆက်သစ်များကို ပုံဖော်ထုဆစ်ပေးနေသည့် ဆရာ ဆရာမများသည် နိုင်ငံတကာနှင့် ဒေသတွင်းဖြစ်ပေါ်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ်လေ့လာပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်ရေးအတွက် လမ်းညွှန်တည့်မတ်ပေးသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းစေရေး ကြိုးပမ်းရာတွင် အနာဂတ်၏ မျိုးဆက်သစ်များကို လမ်းညွှန်ပုံဖော်ရာ၌ ဆရာ ဆရာမများသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + အာဋာနာဋိယသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **တရားဦးဓမ္မစကြာ**တရားတော် (အပိုင်း-၈) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၆)
၈:၃၀ Sports World(Football Asia)
၈:၅၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **တူသောအကျိုး**
၉:၂၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးငွေးအောင်) (အပိုင်း-၂)
၁၀:၀၅ Activities in the City (AVSS မှ ပြုလုပ်သော ပညာရေးမိတ်ဆက်ပွဲ)
၁၀:၂၀ **လူဖြစ်ရှုံးပါပြီကွာ** ရုပ်ရှင်သရုပ်ဆောင်များ (ဒါရိုက်တာ-ညီညီထွန်းလွင်)
၁၀:၂၅ မြန်မာစာ၊ မြန်မာစကား
၁၀:၄၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်သားပဲပုပ်အစိမ်းကြော်နှင့် ငါးခေါင်းဟင်းချို)
၁၁:၀၅ ဂုန်လျှော်နှင့်ဂုန်လျှော်ထွက်ပစ္စည်းများ
၁၁:၂၀ တေးဂီတအစီအစဉ်
၁၁:၄၀ ဖက်ရှင်လမ်းညွှန် (မဲခေါင်-ဂျပန်ချစ်ကြည်မှုဖလှယ်ရေးနှစ် အထိမ်းအမှတ်ဖက်ရှင်ပြပွဲ)
၁၁:၅၅ **မင်းမသိသေးပါဘူးကွာ** ဧရာ၊ ၄က်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၂:၀၅ စိုပြည်စိမ်းလန်း တောင်ကုန်းထက်မှခရီးသွားစခန်း
၁၂:၃၅ Science Tech Today
၁:၀၀ **တရားဦးဓမ္မစကြာ**တရားတော် (အပိုင်း-၈) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ World of Knowledge (Mega Structures: 747 Breakdown)
၃:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄:၀၀ Activities in the City (AVSS မှ ပြုလုပ်သော ပညာရေးမိတ်ဆက်ပွဲ)
၄:၂၀ Science Tech Today
၄:၃၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **တူသောအကျိုး**
၅:၁၀ VJ Choice
၅:၃၅ သူတို့ပြောတဲ့သူတို့အကြောင်း ဦးချန်ဟိန်း ရတနာမြိုင်တေးထုတ်လုပ်ရေးနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၆:၀၀ MRTV-4 သတင်း
၆:၂၀ လှပသစ်ဆန်းအလှပြင်ခန်း (Lilawadee Spa)
၆:၄၅ ဖက်ရှင်လမ်းညွှန် (မဲခေါင်-ဂျပန်ချစ်ကြည်မှုဖလှယ်ရေးနှစ် အထိမ်းအမှတ်ဖက်ရှင်ပြပွဲ)
၇:၀၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကြက်သားပဲပုပ်အစိမ်းကြော်နှင့် ငါးခေါင်းဟင်းချို)
၇:၂၅ VJ Choice
၇:၅၀ နယဉ်ဆန်းထွင်သစ်သီးအလှဆင် (ဖရဲသီးဖြင့် ဝေလငါးပုံပြုလုပ်နည်း)
၈:၀၀ MRTV-4 သတင်း
၈:၃၀ Box Office Movies (Harry Polter)
၉:၀၀ သူတို့ပြောတဲ့သူတို့အကြောင်း ဦးချန်ဟိန်း ရတနာမြိုင်တေးထုတ်လုပ်ရေးနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရင်ခုန်သံများဆုံစည်းရာ** (အပိုင်း-၁၆)
၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁:၄၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၂:၀၀ နိဗ္ဗာန်သို့…အထောက်အပံ့ကောင်းဖြစ်ရာ ရွှေသစ္စာတောရရိပ်သာ
၁၂:၂၅ လှမ်းခဲ့ပါဆွေ "မနောမြေ"
၁၂:၃၅ ကြည်ညိုဦးခိုက်ပူဇော် ဝေဘာဂီရိတောင်တော်
၁၂:၅၀ လှပသစ်ဆန်းအလှပြင်ခန်း (Lilawadee Spa)
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၅-၉-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အိုင်စီတီသုတ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ မဟာဂီတချိုကြည်မြ
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၂၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၃၀ ၁၃။ "ရှာ" ဟာသဇာတ်လမ်းတွဲ **လူမှာအမျိုး**
၆:၅၀ ၁၄။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်ထဲကပန်းတစ်ပွင့်** (အပိုင်း-၁)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ စိုက်ပျိုးသုတ
၂၁။ ရှင်သန်နေသောသီချင်းများ (Living Songs)
၂၂။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ (၄၅)နှစ်မြောက်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း **သုံးနာရီသုံးဆယ့်ငါး** (အပိုင်း-၁)

တွံတေးမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီး ဦးစိုးသာ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် စက်တင်ဘာ ၂၁ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း တွံတေးမြို့နယ် စမ်းရွာ၌ စမ်းရွာ၊ ကျိုက်သလဲ၊ ဘုရားကြီး၊ ပေါက်တော၊ ကံဘဲ့၊ ထော်သိုနှင့် အရိုးတောင်ကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး စာကြည့်တိုက်တည်ဆောက်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ခြင်းနှင့် အများသုံးတယ်လီဖုန်းတပ်ဆင်ခြင်းတို့အတွက် လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် ကံကြီးကုန်း ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ ကံကြီးကုန်း၊ ပန်းပင်စမ်းနှင့် စံပြမြိုင်ကျေးရွာများရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာရေးခုံ၊ ကျောင်းသုံးပရိဘောဂများနှင့် သောက်သုံးရေရရှိရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးသည် တွံတေးမြို့နယ် စီမံကိန်းဦးစီးရုံး၌ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး အရှည် ၁၃မိုင် ၃ဖာလုံရှိ ပဒါန်ရေကျော်-ခတ္တိယလမ်းဖောက်လုပ်ခြင်း၊ တွံတေးမြို့ ရွှေမုယင်းဒေသ စိုက်ပျိုးရေရရှိရေးအတွက် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အစီအမံများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံမအထက၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်

ကံမ စက်တင်ဘာ ၂၄

အင်္ဂလိပ်စာဘာသာရပ်အဖွဲ့က ကြီးမှူးကျင်းပသည့် သတ္တမအကြိမ်မြောက် အင်္ဂလိပ်စာစွမ်းရည်ပြပွဲနှင့်ပြိုင်ပွဲကို စက်တင်ဘာ၁၆ရက်က ကံမအထက မြဝတီခန်းမ၌ ကျင်းပသည်။

အဆိုပါ အင်္ဂလိပ်စာစွမ်းရည်ပြပွဲနှင့်ပြိုင်ပွဲတွင် အတန်းအသီးသီးမှ ကျောင်းသားကျောင်းသူများက ကျပန်းစကားပြောယှဉ်ပြိုင်ခြင်း၊ တေးကဗျာရွတ်ဆို သရုပ်ဖော်ခြင်း၊ အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ ဉာဏ်စမ်းပဟေဠိဖြေဆိုခြင်းများတွင် ပျော်ရွှင်တက်ကြွစွာ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။ **(အောက်ပုံ)**

အလားတူ သင်္ချာဘာသာရပ်အဖွဲ့က ကြီးမှူးကျင်းပသည့် ကျောင်းကောင်စီအသင်းလိုက် သင်္ချာစွမ်းရည်ပြိုင်ပွဲ(အလယ်တန်းဆင့်)ကို စက်တင်ဘာ ၆ရက်က ကျင်းပကြောင်း သိရသည်။ **(ပညာရေး)**

ဖလမ်းမြို့နယ်၌ စုပေါင်းတမန်းနှိုး မြေသြဇာကြဲပက်

ဖလမ်း စက်တင်ဘာ ၂၄

ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၉ရက် မွန်းလွဲ ၁နာရီက ဖလမ်းမြို့နယ် မန်စဲင်းကျေးရွာ ဦးဟရမ်မန်း လယ်ကွက်၌ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းတမန်းနှိုး မြေသြဇာကြဲပက်ပွဲ ကျင်းပကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

သာကေတမြို့နယ် ရတနာအိမ်ရာ နီလာလမ်းသွယ်(၁) အမှတ် ၃၈ နေ ဒေါ်ခင်ခင်ဦးနှင့်မိသားစုက ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးလှမြင့်အား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ (၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အထွေထွေစည်းဝေး

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ (၈)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အထွေထွေအစည်းအဝေး (**Eight Annual General Meeting Myanmar ASEAN Women's Friendship Association**) ကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ ဟိုတယ်ရန်ကုန်၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီးဒေါ်မြင့်မြင့်စိုးက အဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး ဒေါ်မြင့်မြင့်စိုးထံ မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ (၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အထွေထွေအစည်းအဝေးတွင် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဒေါ်သီတာညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယကနှင့် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး၏ဇနီး မဒမ်ဟီစာရီချဲက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် တာဝန်ရှိသူများက အသင်း၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြပြီး အသင်းနာယကအဖွဲ့ဝင်များက မေ ၉ရက်တွင် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ အသင်းကကြီးမှူးကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုကပွဲတွင် ပါဝင်ကပြ ဖျော်ဖြေပေးခဲ့ကြသည့် သံတမန်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် စေတနာရှင်၊ အလှူရှင်များက အသင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အသင်းနာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

တိုက်တွန်းနှိုးဆော်

ပြည်သူလူထုအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာမိုးရေချိန်

၂၄-၉-၂၀၀၉

နေပြည်တော်	၀ ဒသမ ၉၉ လက်မ
ဂန့်ဂေါ	၂ ဒသမ ၈၀ လက်မ
ကနီ	၂ ဒသမ ၃၂ လက်မ
ယင်းမာပင်	၂ ဒသမ ၀၉ လက်မ
သထုံ	၁ ဒသမ ၉၇ လက်မ
ရွှေကျင်	၁ ဒသမ ၇၀ လက်မ
ထားဝယ်	၁ ဒသမ ၆၅ လက်မ
မော်လိုက်	၁ ဒသမ ၅၇ လက်မ
ဖြူးမြို့	၁ ဒသမ ၂၆ လက်မ

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၀၉ ပညာသင်နှစ် တတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင် စာမေးပွဲများ အစီအစဉ်ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၀၉ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို နိုဝင်ဘာ ၇ရက်မှ ၁၇ရက်အထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို နိုဝင်ဘာ ၂၀ရက်မှ ၂၇ရက်အထိလည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများ၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်ဖြေဆို

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် မြန်မာစာ၊ မြန်မာမှုရသစာပေ၊ သမိုင်း၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံအထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသား ကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ အနီးကပ် ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါ ဌာနခွဲများ၌ စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

ကြေညာ

အသေးစိတ် အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ကြေညာထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ၌ မိုးပိုလာမည်

ရန်ကုန် စက်တင်ဘာ ၂၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

စက်တင်ဘာ ၂၅ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ခရမ်းသီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါရှိ ပုံမှန်စားသုံးပါက ဦးနှောက်ဆဲလ်များ ပျက်စီးမှု ကာကွယ်နိုင်



ခရမ်းသီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်သည်။ ဖီနိုလစ်အက်စစ်ဓာတ်လည်းပါဝင်ပြီး ကဖင်းဓာတ်လည်း ထူးခြားစွာပါဝင်ကြောင်း တွေ့ရှိရသည်ဟု အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

ချေဖျက်နိုင်

ခရမ်းသီးကို ပုံမှန်စားသုံးပေးပါက ဦးနှောက်ဆဲလ်များ ပျက်စီးမှုကို အကာအကွယ်ပေးနိုင်ပြီး ဓာတ်တိုးပစ္စည်း ချေဖျက်မှုဓာတ်များလည်း ပါရှိသဖြင့် ကင်ဆာဗိုင်းရပ်စ်များကိုလည်း ချေဖျက်နိုင်စွမ်းရှိကြောင်း သိရသည်။

ကာကွယ်

ထို့အပြင် ခရမ်းသီးတွင် ပါဝင်သောဓာတ်များက အရိုးအဆစ်များတွင်ရှိသော အရွတ်များ၊ အကြောနှင့် တစ်သျှူးများ ပျက်စီးမှုမှလည်း ကာကွယ်ပေးနိုင်သည့်အပြင် ကြွက်သားများ သန်မာမှုကို အထောက်အကူပေးနိုင်ကြောင်း သိရသည်။

ထို့ကြောင့် ခရမ်းသီးကို သီတင်းတစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ်ခန့် စားသုံးပေးပါက ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်ကြောင်း အမေရိကန် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။ ။

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်မြင့်အား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အောက်တိုဘာလထုတ် မြဝတီမဂ္ဂဇင်းထွက်နေပြီ

ရန်ကုန် စက်တင်ဘာ ၂၄

ဝတ်မှုန်ရွှေရည်၏ လှပနှစ်လိုဖွယ်ရာကောင်းသော မျက်နှာဖုံးဓာတ်ပုံနှင့်အတူ မင်းယုဝေ၊ မြင်းမူမောင်နိုင်မိုး၊ ဒေါက်တာထီလာစစ်သူ၊ ညွန့်ဝေ(ကသာ)၊ မောင်ဟေမာ၊ အန္တဲ(ရွှေဘို)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မြေလတ်မောင်မြင့်သူ၊ ခြိမ့်နိုင်၊ မောင်ငြိမ်းရည်(မင်းကင်း)တို့၏ ရသစုံကဗျာများအပြင် ကာတွန်းငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ ဖရုံသီး၊ ZHEIN THAW၊ လူချော၊ စိုးခတို့၏ ပြုံးစရာ၊ ကာတွန်းလက်ရာများပါဝင်ကာ ဦးမောင်မောင်သောင်း၊ ကျော်ဇောဟိန်း-ဒေါ်ပုံ၊ ဂွမ်ဖြူစင်၊ မောင်ဘုန်း၊ မြတ်နိုးစု၊ စုစုလှိုင်(MWD)၊ ရှင်ဉာဏ(ဖျာပုံ)၊ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ဗိုလ်ကလေးတင့်အောင်၊ မောင်ခင်မင်(ဓနုဖြူ)၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ တက္ကသိုလ်တင်ခ၊ မောင်စူးစမ်း၊ ချစ်နိုင်(စိတ်ပညာ)၊ ကျော်မင်းသော်၊ အိမ့်ချမ်းမြေ့၊ မအိမ်သူ၊ HPA၊ မြတ်မင်း၊ ရဲမြင့်သိန်း-မွန်မြတ်စေတနာ၊ ဒေါက်တာ လွှမ်းမိုးဟန်၊ စိုးဝင်း(မြစ်ခြေ)၊ စံ-ဇာဏီဘိုတို့၏ သုတရသ ဆောင်းပါးများ။

ဆလိုင်းစျင်အောင်၊ မျိုးကြီး(အမရဋ္ဌာနေ)၊ ခြင်ကျား(မအူပင်)၊ ခင်ယုသွေး၊ ရင်မောင်(မြတ်စုရင်)၊ ထွန်းဦးတင်၊ နိုင်ဇော်၊ မျိုးမြင့်အောင်တို့၏ရသစုံလင်ဝတ္ထုတို၊ ဝတ္ထုရှည်များကို ဖတ်ရှုကြရမည်ဖြစ်ပြီး မြဝတီရောင်စုံဓာတ်ပုံပြိုင်ပွဲဆုရ စာရင်းများ ပါရှိသည်။

မြဝတီမဂ္ဂဇင်းကို အမှတ် ၂၀၆၊ ၃၁ လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ် ၁၅ တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၉-၂၀၀၉ရက်
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ **အင်္ဂဇေယမင်္ဂလာ** (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ ဝေဠုဝန်ခေါ်ရုပ်ပွားတော် ထင်ပေါ်ကျော်ကြားစစ်ကိုင်း ငါးထပ်ကြီးဘုရား
- ၈:၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၁၅ ၈။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၃၀ ၉။ **၂၀၀၉ ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေး) [အဆင့်မြင့်ပညာအဆင့်] (အမျိုးသမီး)**
- ၈:၄၀ ၁၀။ International News
- ၈:၅၀ ၁၁။ အတီးပြိုင်ပွဲ
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ Myanmar National League MNL (2009)ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ရတနာပုံ F.C နှင့် ဒယ်လ်တာယူနိုက်တက် F.C)
- ၄:၅၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၀၅ ၃။ ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ်၊ ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၆၊ ဗိုလ်တထောင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၅:၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၃၀ ၅။ ပဋ္ဌာလက်ကျောင်းတော်
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၈။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆:၅၅ ၉။ **ရတနာစုံညီနေပြည်တော်ဆီ**
- ၇:၁၅ ၁၀။ သဘာဝရင်သွေးငယ်များ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၁။ **အမှန်ထင်နေသောအမှား** ခန့်စည်သူ၊ အေးမြတ်သူ၊ ငှက်ပျောကြော် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလမ်းဆုံ** (အပိုင်း-၆၀)
- ၁၆။ သီချင်းချစ်သူ(မေခလာ)
- ၁၇။ အစီအစဉ်ပြီး၏။

တောင်အာဖရိကရှိ အမေရိကန်သံရုံး ခြိမ်းခြောက်ခံရသဖြင့် ပိတ်ပစ်လိုက်ရ

ဂျိုဟန်နစ္စဘတ် စက်တင်ဘာ ၂၄

တောင်အာဖရိကနိုင်ငံရှိ အမေရိကန်သံရုံးနှင့် အခြားသောအမေရိကန် အစိုးရရုံးများကို ခြိမ်းခြောက်ခံရပြီးနောက် စက်တင်ဘာ ၂၂ရက်က ပိတ်လိုက်ရကြောင်း အမေရိကန်သံရုံးပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ရှာရွန်ဟတ်ဆင်ဒင်းက ပြောကြားသည်။

ဒေသဆိုင်ရာလုံခြုံရေးရုံးမှ သူပုန်တို့ ခြိမ်းခြောက်လာသည့်သတင်းရရှိပြီးနောက် မြို့တော်ပရီတိုးရီးယားရှိ အမေရိကန်သံရုံး အပါအဝင် တောင်အာဖရိကနိုင်ငံရှိ အမေရိကန်ရုံးအားလုံးကိုပိတ်ပစ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်ဟုလည်း ပြောရေးဆိုခွင့်ရှိသူက ရှင်းလင်းပြောကြားသည်။

ဝေဖန်ခြင်းမပြု

တောင်အာဖရိကရဲတပ်ဖွဲ့ကမူ ယင်းကိစ္စနှင့်ပတ်သက်၍ တုံ့ပြန်ချက်မပြုဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ဆိုမာလီတားပြများအန္တရာယ်မှ သင်္ဘောများ တောင်ကိုရီးယားစစ်သင်္ဘော ကယ်ဆယ်နိုင်ခဲ့

ဆိုးလ် စက်တင်ဘာ ၂၄

ယီမင်ကမ်းရိုးတန်း၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် တောင်ကိုရီးယားစစ်သင်္ဘောသည် ဆိုမာလီပင်လယ်ဓားပြများရန်မှ သင်္ဘောများကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ယိုဟတ်သတင်းဌာနက စက်တင်ဘာ ၂၃ရက်တွင် သတင်းထုတ်ပြန်သည်။

စက်တင်ဘာ ၂၀ရက်က ဆိုက်ပရပ်စ်၊ မာရှဲလ်နှင့် ဘဟားမားအလံ လွှင့်တင်ထားသည့် သင်္ဘောသုံးစင်းကို ပင်လယ်ဓားပြများရန်မှ ကာကွယ်ပေးခဲ့သည်။

ကယ်ဆယ်

စက်တင်ဘာ ၁၇ ရက်ကလည်း ဆိုမာလီပင်လယ်ဓားပြများ ပြန်ပေးဆွဲသွားသည့် ယီမင်ရေလုပ်သား ငါးဦးအား တောင်ကိုရီးယားစစ်သင်္ဘောမှ ကယ်ဆယ်နိုင်ခဲ့သည်။

အာရှ၊ ဥရောပနှင့် အမေရိကနိုင်ငံများသို့ အတိုဆုံးခရီးဖြင့် သွားရောက်ရန်အတွက် နှစ်စဉ် သင်္ဘောစင်းရေ ၂၀၀၀၀ ကျော်မှာ အိန္ဒိယသမုဒ္ဒရာနှင့် ဆက်စပ်လျက်ရှိသည့် အဒန်ပင်လယ်ကွေ့နှင့် စူးအက်တူးမြောင်းကို ဖြတ်သန်းခုတ်မောင်းသွားလာလျက်ရှိသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် သတ္တမအကြိမ်မြောက် ပန်းပြပွဲတွင်ပါဝင်ပြသရန် ပန်းအလှပုံဖော်နေသူတစ်ဦးကို စက်တင်ဘာ ၂၃ရက်က တွေ့ရစဉ်။ (ယင်းပြပွဲတွင် ကုမ္ပဏီပေါင်း ၁၃၀၀ကျော် ပါဝင်ပြသမည်ဖြစ်ပြီး ပြပွဲကို စက်တင်ဘာ ၂၆ရက်၌ ဖွင့်လှစ်မည်ဖြစ်သည်။) **(အင်တာနက်ဓာတ်ပုံ)**

ပြည်ပစစ်အခြေစိုက် စခန်းများထားရှိမှု ယူကရိန်းခွင့်ပြုမည်မဟုတ်

ကီယက်ဗ် စက်တင်ဘာ ၂၄

ယူကရိန်းနိုင်ငံအတွင်း နေတိုးတပ်များအပါအဝင် မည်သည့်နိုင်ငံခြား စစ်အခြေစိုက်စခန်းများထားရှိမှုကို ခွင့်ပြုမည်မဟုတ်ကြောင်း ယူကရိန်းသမ္မတဗစ်တာယူချင်ကိုက ပြောကြားသည်။

ပြောကြား

ယူကရိန်းနိုင်ငံအတွင်း စစ်အခြေစိုက်စခန်းများထားရှိမှုကို ယူကရိန်းအခြေခံဥပဒေက တားမြစ်ထားကြောင်း၊ စစ်အခြေစိုက်စခန်းများဟုဆိုရာ၌ ပြည်ပနိုင်ငံများမှ စစ်အခြေစိုက်စခန်းများကိုဆိုလိုကြောင်း ယူချင်ကိုက နယူးယောက်မြို့ရှိ နိုင်ငံခြား ဆက်ဆံရေးဌာန၌ စက်တင်ဘာ ၂၂ ရက်က ပြောကြားသည်။

သို့ရာတွင် ယူကရိန်းနိုင်ငံအနေဖြင့် နေတိုးအဖွဲ့ဝင်ဖြစ်ရေးကိုလည်း ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

စက်ရုပ်များ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဟွန်ဒါကားကုမ္ပဏီမှ ထုတ်လုပ်သော စက်ရုပ်များကို စက်တင်ဘာ ၂၄ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



ဖားအိုစတန်း အီကော်နော့မစ်ရီဗျူးမဂ္ဂဇင်း ထုတ်ဝေမှုရပ်ဆိုင်းရတော့မည်

ဟောင်ကောင် စက်တင်ဘာ ၂၄

အာရှတိုက်၏ ထိပ်တန်းပရင့်မီဒီယာမဂ္ဂဇင်းတစ်စောင်ဖြစ်သည့် သည်ဖားအိစတန်းအီကော်နော့မစ်ရီဗျူးမဂ္ဂဇင်းကို လာမည့် ဒီဇင်ဘာလတွင် ရပ်ဆိုင်းရတော့မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

အရှုံးနှင့်ကြုံရ

ယင်းသို့ရပ်ဆိုင်းရန် စီစဉ်ခြင်းမှာ ထုတ်ဝေဖြန့်ချိမှုတွင် အရှုံးနှင့်ရင်ဆိုင်နေရခြင်းကြောင့်ဖြစ်သည်။ အင်တာနက်ခေတ်စားလာသဖြင့် စာဖတ်သူများ လျော့ပါးလာခြင်းကြောင့်လည်း မဂ္ဂဇင်းမှာ အရှုံးနှင့်ကြုံရခြင်းဖြစ်သည်။

သက်တမ်း(၆၃)နှစ်ရှိပြီဖြစ်သည့် ယင်းမဂ္ဂဇင်းမှာ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အာရှစီးပွားရေးနှင့် နိုင်ငံရေးဆောင်းပါးများကို အတွင်းကျကျ ရေးသားဖော်ပြခဲ့သဖြင့် ဩဇာကြီးပြီး နာမည်ရခဲ့သည့် မဂ္ဂဇင်းတစ်စောင်ဖြစ်သည်။ အမ်အင်န်အေ၊ရိုက်တာ

ဂျီအမ်ကားများ တိုးမြှင့်ထုတ်လုပ်ရန် အလုပ်သမား ၂၄၀၀ ပြန်လည်ခေါ်ယူခန့်ထား

ချီကာဂို စက်တင်ဘာ ၂၄

အမေရိကန်၏ အဓိကကားကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဂျီအမ်ကားထုတ်လုပ်ရေးကုမ္ပဏီသည် ကားသစ်များ တိုးမြှင့်ထုတ်လုပ်မည်ဖြစ်၍ စက်ရုံအချို့တွင် အလုပ်သမား ၂၄၀၀ကို ပြန်လည်ခေါ်ယူခန့်အပ်လျက်ရှိကြောင်း ၎င်းကားကုမ္ပဏီက ပြောကြားသည်။

ယင်းကဲ့သို့ အလုပ်သမားများကို ပြန်လည်ခေါ်ယူခြင်းသည် ထုတ်လုပ်မှု ပြုပြင်ပြောင်းလဲရေးနှင့် စက်ရုံများ လည်ပတ်မှုကောင်းမွန်ရေးကို အထောက်အကူဖြစ်စေကြောင်း ဂျီအမ်ထုတ်လုပ်ရေးနှင့် အလုပ်သမားရေးရာဌာနမှ ဒုတိယဥက္ကဋ္ဌ တမ်လီက ပြောကြားသည်။ ဂျီအမ်ကားကုမ္ပဏီအနေဖြင့် လာမည့်နှစ်တွင် ဇိမ်ခံကားနှင့် ကုန်တင်ကား အရေအတွက် တစ်သန်းခန့်အထိ တိုးမြှင့်ထုတ်လုပ်မည်ဟု ယူဆရပြီး မော်တော်ယာဉ် စုစုပေါင်း ၂ဒသမ၈သန်း ထုတ်လုပ်ပြီး ၄၀ရာခိုင်နှုန်းအထိ ထုတ်လုပ်မှု တိုးတက်လာဖွယ်ရှိသည်ဟု သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်၌ ဒုတိယကမ္ဘာစစ်အတွင်းက တင့်ကားတူးဖော်တွေ့ရှိ

မနီလာ စက်တင်ဘာ ၂၄

ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်တွင် ဖိလစ်ပိုင် သောင်တူးသင်္ဘောတစ်စင်းသည် ဒုတိယကမ္ဘာစစ်အတွင်းက အမေရိကန်တို့ အသုံးပြုခဲ့သည်ဟု ယူဆရသော ရှေးဟောင်းတင့်ကားတစ်စီးကို တူးဖော်ရရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။ *(အောက်ပုံ)*

တူးဖော်တွေ့ရှိ

အဆိုပါ ရှာမန်အမ် ၄-အေ ၁ တင့်ကားကို ဘာဆီကိုဆိပ်ကမ်းမြို့ ကမ်းလွန်ပင်လယ်ပြင်၌ စက်တင်ဘာ ၁၉ ရက်က တူးဖော်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းတင့်ကားသည် သံချေးများ၊ ရွှံ့များဖြင့် ဖုံးလွှမ်းလျက်ရှိသည့်အပြင် တင့်ကားပေါ်တွင် ပါရှိသည့် အမြောက်ကိုမူ မတွေ့ရှိရကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ထိန်းသိမ်းစောင့်ရှောက်

အဆိုပါ ရှာဖွေတွေ့ရှိမှုသည် သမိုင်းအရအဖိုးတန်သည့်အပြင် ယင်းတင့်ကားကို အမျိုးသားသမိုင်းဌာနတွင် ထိန်းသိမ်းစောင့်ရှောက်ထားမည်ဟု ဆိုသည်။ *(အင်တာနက်)*

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အူစတယ်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ကစားကွင်းတစ်ကွင်းအတွင်း ရေလွှမ်းနေသည်ကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)



နှလုံးရောဂါကင်းဝေးစေရေး ဆေးလိပ်မီးခိုး ရှောင်ကြဉ်ပေး

လန်ဒန် စက်တင်ဘာ ၂၄

အများပြည်သူများနှင့်ဆိုင်သော နေရာများတွင် ဆေးလိပ်သောက်သုံးမှု ပိတ်ပင်တားမြစ်ခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုမှ အထိရောက်ဆုံး ကာကွယ်တားဆီးပေးနိုင်ကြောင်း လေ့လာဆန်းစစ်ချက်များ၌ ဖော်ပြသည်။

ဖော်ပြ

ဆေးလိပ်သောက်သုံးမှု ပိတ်ပင်ခြင်းသည် ဥရောပနှင့်မြောက်အမေရိကတို့၌ နှလုံးရောဂါဖြစ်ပွားသူ သုံးပုံတစ်ပုံကျဆင်းခဲ့ကြောင်း အင်္ဂလန်ကျန်းမာရေးဦးစီးဌာန၏ သုတေသနပြု လေ့လာဆန်းစစ်ချက်တွင် ဖော်ပြသည်။ ဗြိတိန်တစ်နိုင်ငံတည်းပင်လျှင် နှလုံးရောဂါဖြစ်ပွားသူ ခန့်မှန်းခြေအားဖြင့် ၂၇၅၀၀၀ရှိရာတွင် နှစ်စဉ်လူဦးရေ ၁၄၆၀၀၀ သေဆုံးနေရကြောင်း စစ်တမ်း၌ ဖော်ပြထားသည်။

ကျဆင်း

ထိုနိုင်ငံတွင် ၂၀၀၇ခုနှစ်က အများပြည်သူများနှင့်ဆိုင်သောနေရာများတွင် ဆေးလိပ်သောက်သုံးမှုပိတ်ပင်ခဲ့ရာ ယခုနှစ်အစောပိုင်းက နှလုံးရောဂါဖြစ်ပွားမှု ၁၀ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ဆိုသည်။ ဆေးလိပ်သောက်သုံးသူများထံမှ ဆေးလိပ်မီးခိုးရှူရှိုက်မိခြင်းသည် သွေးကြောများအတွင်း ကိုလက်စထရောများ ပိုမိုများပြားလာစေပြီး နှလုံးရောဂါဖြစ်ပွားရန် အလားအလာပိုများကြောင်း စာတမ်းတွင် ဖော်ပြသည်။ ***(အင်တာနက်)***

အမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ
တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် စက်တင်ဘာ ၁၄ရက်က အမ်းမြို့ အမှတ်(၅)ရပ်ကွက် လမ်းသစ်အခြေအနေနှင့် တံတားတည်ဆောက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ စက်တင်ဘာ ၁၅ရက်တွင် မြို့နယ်အားကစားခန်းမ တည်ဆောက်မည့် မြေနေရာနှင့် ပဲပဒုံကြိုးတံတားသို့ ဆက်သွယ်သွားလာနိုင်မည့် လမ်းအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ဘုရင့်နောင်နယ်မြေ အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှ ရန်ကုန်တိုင်းစစ်ဌာနချုပ် တပ်မတော်သားများအတွက် ဆန်လှူဒါန်းပွဲကို စက်တင်ဘာ ၁၂ရက် နံနက် ၈နာရီက အဆိုပါ အသင်းရုံးခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးလှဦးက ဆန်အိတ် ၆၀ ပေးအပ်လှူဒါန်းသည်ကို ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း လက်ခံယူစဉ်။ (၁၁၁)

နှလုံးကျန်းမာရေး ဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ဟောပြောပွဲကို စက်တင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်မြို့လမ်းမတော်မြို့နယ်မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမ၌ကျင်းပမည်ဖြစ်ရာ ပါမောက္ခ ဒေါက်တာတင်လတ်က **"နှလုံးကျန်းမာရေး၊ လုပ်ငန်းခွင်မှာ အလေးပေး"** ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာကြည့်တိုက်စံ(၅)ချက် ညီညွတ်ရေး အင်းစိန်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့သစ် (က+ခ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ စာဖတ်ဝိုင်းနှင့် စာကြည့်တိုက် စံ(၅)ချက် ညီညွတ်ရေး ဟောပြောပွဲကို စက်တင်ဘာ ၂၂ရက် နံနက် ၁၀နာရီက (၂)လမ်း မိသားစု ဓမ္မာရုံ စာကြည့်တိုက်၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးညီညီထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က စာဖတ်ဝိုင်းပြုလုပ်ရခြင်းနှင့်စံ(၅)ချက် အကြောင်းကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဖတ်ကြားဆွေးနွေး

ဆက်လက်၍မြို့သစ်(က+ခ)ရပ်ကွက် စာကြည့်တိုက်မှူးဒေါ်ညိုညိုဝင်းက "နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံအကြောင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဌေးက မြန်မာ့အလင်းသတင်းစာပါ "အသိတရားနှင့်ယှဉ် သတိထားဆင်ခြင်" ဆောင်းပါးအားလည်းကောင်း၊ ဦးမျိုးသန့်က စာရေးဆရာ မောင်ဒဂုန်၏ "လူစွမ်းလူစကို လက်တွေ့အသုံးချနည်း" အားလည်းကောင်း၊ ဒေါ်ဖြူဖြူအောင်က စာရေးဆရာ ချစ်စံဝင်း၏ "အခွင့်အလမ်းကို တွေ့အောင်ရှာ မိအောင်ဖမ်း" ခေါင်းစဉ်ဖြင့် အသီးသီးဖတ်ကြားဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

TV Guide အတွဲ-၁၊ အမှတ် ၁၂ ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၄

MTV ရုပ်သံလိုင်းတွင်ပြသမည့် MTV VIDEO Music AWARDS 09 အစီအစဉ်အကြောင်း ဖော်ပြထားသည့်သတင်းနှင့်အတူ TV Guide အတွဲ-၁၊ အမှတ် ၁၂ကို စက်တင်ဘာ ၂၅ရက် ယနေ့တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။

STAR SPORTS ရုပ်သံလိုင်း၊ ESPN ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် ဖူလ်ဟမ်နှင့် အာဆင်နယ်၊ လီဗာပူးနှင့် ဟူးစီးတီး၊စတုတ်နှင့် မန်ယူ၊ ပို့စ်မောက်နှင့် အဲဗာတန်၊ ဆန်းဒါးလန်းနှင့်ဝုဗ်၊မန်စီးတီးနှင့်ဝက်စ်ဟမ်း၊ဝီဂန်နှင့်ချယ်လ်ဆီးပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ STAR WOTLD ရုပ်သံလိုင်းတွင် စက်တင်ဘာ ၃၀ရက်၌ စတင်ပြသမည့် SUPERSTARS OF DANCE အကပြိုင်ပွဲအကြောင်း၊ DISCO VERY ရုပ်သံလိုင်းတွင် ပြသမည့် ဗန်ကောက်မြို့တော်တည်ထောင်ခါစ စီမံကိန်းရေးသူများ၏ ရည်ရွယ်ချက်၊ စိတ်ကူးစိတ်သန်းနှင့် မျှော်မှန်းချက်များအကြောင်း ပြသမည့် MEGA BRIDGE အစီအစဉ်၊ မန္တလေး FM အစီအစဉ်မှာ DJ JAY ၏ Live Mix အစီအစဉ်အကြောင်း၊ MRTV-4 တွင် ပြသနေသည့် ခေတ်ပြိုင်ဂီတ မှတ်တိုင်များအစီအစဉ်၌ ဒေါ်ရှယ်လီထွား သီဆိုထားသည့်အကြောင်းများ ဖော်ပြထားသည်။ TV Guide အတွဲ-၁၊အမှတ်-၁၂တွင်ပါဝင်နေကျကဏ္ဍများနှင့် တစ်ပတ်စာအသေးစိတ်အစီအစဉ်များကိုလည်း ဖော်ပြထားသည်။

TV Guide စာစောင်ကိုတစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် နီးစပ်ရာ စာအုပ်ဆိုင်များ၊ City Mart များ၊ Super Market များနှင့် MRTV-4 Show Room များတွင် ဝယ်ယူရရှိနိုင်ကြောင်း၊လပေးဖတ်ရှုလိုသူများ တစ်စောင်လျှင် ကျပ် ၅၀၀နှုန်းဖြင့် အိမ်အရောက် ရုံးခန်းအရောက်ဝန်ဆောင်ပေးမည့် Door To Door အစီအစဉ်အား ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် စတင်နေပြီဖြစ်ကြောင်း။

မိမိနှင့်မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများလက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လွယ်ဂျယ်မြို့နယ်စည်ပင် မြို့ပြလမ်းကတ္တရာထပ်ပိုးလွှာခင်း

ဗန်းမော် စက်တင်ဘာ ၂၄

ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်းဆောင်ရွက်မည့် မြို့ပြလမ်းကတ္တရာ ထပ်ပိုးလွှာခင်းမည့်လမ်းများကို ဩဂုတ် ၂၄ရက်က ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေး မှူးဦးနိုင်ဝင်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာဦးမိုင်းရင်တို့က ရှင်းလင်းပြသကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အချိုရည်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စစ်ဆေးလျက်ရှိသည်။

မန္တလေးဈေးကွက်တွင် ရောင်းချလျက်ရှိသော အောက်ပါအမှတ်တံဆိပ်အချိုရည်များသည် ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက် ရရှိထားခြင်းမရှိပါ။ အချိုရည်ပုလင်းအဟောင်းများကို ပြန်လည်အသုံးပြုထားခြင်း ဖြစ်သည်။ အမှတ်တံဆိပ်ကိုစစ်ဆေးရာတွင် ထုတ်လုပ်သူအမည်၊ လိပ်စာ၊ ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲများ ဖော်ပြထားခြင်းမရှိပါ။ ဓာတ်ခွဲစစ်ဆေးရာတွင် အဏုဇီဝရောဂါပိုးများပါရှိနေသည့်အတွက် သောက်သုံးမိပါက မူးဝေအော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ အစာအဆိပ်သင့်ခြင်းများ ဖြစ်နိုင်သည်။

သို့ပါ၍ ယင်းအမှတ်တံဆိပ်အချိုရည်များကို သောက်သုံးခြင်းမပြုသင့်ကြောင်း အသိပေးအပ်ပါသည်။

စဉ်	အမှတ်တံဆိပ်	ပါဝင်မှု	ထုပ်ပိုးပုံ
၁။	Sponsor(High Speed) အမှတ်တံဆိပ်အချိုရည်	၂၅၀ စီစီ	ဖန်ပုလင်း
၂။	Sponsor Energy Drink	၂၅၀ စီစီ	ဖန်ပုလင်း

ကျန်းမာရေးဝန်ကြီးဌာန

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းတင်ပြသည်

လမျက်နှာပြင်၌ရေတွေ့ရှိရကြောင်း ချန်ဒရာယန်ယာဉ်မှသတင်းပေးပို့

အိန္ဒိယနိုင်ငံက လမျက်နှာပြင်သို့ လေ့လာရေးစေလွှတ်လိုက်သည့် ချန်ဒရာယန်အမည်ရှိ လေ့လာရေးယာဉ်က လမျက်နှာပြင်ပေါ်၌ရေတွေ့ရှိကြောင်း မြေပြင်စခန်းသို့ သတင်းပေးပို့သည်ဟု အိန္ဒိယအာကာသလေ့လာရေးအဖွဲ့က စက်တင်ဘာ ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

ဂြိုဟ်တု ခုနစ်လုံးပါ ဒုံးပျံ အိန္ဒိယလွှတ်တင်

*အိန္ဒိယနိုင်ငံက အခြားနိုင်ငံမှ ဂြိုဟ်တု ခြောက်လုံးအပါအဝင် ဂြိုဟ်တုခုနစ်လုံးကို သယ်ဆောင်သွားမည့် ဒုံးပျံကို စက်တင်ဘာ ၂၄ရက်က အာကာသတွင်းသို့ လွှတ်တင်လိုက်ကြောင်း၊ ယင်းဂြိုဟ်တုများသည် မြေပြင်မှ ကီလိုမီတာ ၇၂၀ခန့်အကွာ အာကာသအတွင်း ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)***

အိန္ဒိယအလယ်ပိုင်း ကော်ဘာမြို့၌ စက်ရုံခေါင်းတိုင်ပြိုကျ၊ ၁၄ဦးသေဆုံး

အိန္ဒိယနိုင်ငံအလယ်ပိုင်း ကော်ဘာမြို့တွင် စက်တင်ဘာ ၂၄ရက်က စက်ရုံတစ်ရုံမှ မီးခိုးခေါင်းတိုင်ကြီးပြိုကျရာ ၁၄ဦးသေဆုံးသွားကြောင်း အိန္ဒိယရဲတပ်ဖွဲ့ အရာရှိများက ပြောကြားသည်။

အီရန်၏ နျူကလီးယားအစီအစဉ် ဘရာဇီးသမ္မတကာကွယ်ပြောကြား

နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုနိုင်မှုသည် နိုင်ငံတိုင်း၏ အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ အီရန်၏ နျူကလီးယားအစီအစဉ်ကို ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက စက်တင်ဘာ ၂၄ရက်၌ ကာကွယ်ပြောကြားခဲ့သည်။

အာဂျန်ပင်လယ်အတွင်းပျက်ကျခဲ့သည့် တိုက်လေယာဉ်ဟောင်းပြန်တွေ့ရှိ

အာဂျန်ပင်လယ်အတွင်း လွန်ခဲ့သည့် ၅၁နှစ်ကပျက်ကျခဲ့သော တူရကီတိုက်လေယာဉ်တစ်စင်းကို ရေငုပ်သမားသုံးဦးတို့က အာဂျန်ပင်လယ်ကြမ်းပြင်တစ်နေရာ၌ စက်တင်ဘာ ၂၄ရက်က ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ပျက်ကျခဲ့သည့် လေယာဉ်မှာ အက်ဖ်-၈၄ဂျီ တိုက်လေယာဉ်ဖြစ်သည်ဟု တူရကီစစ်ဘက်အရာရှိများက အတည်ပြုခဲ့သည်။

တူရကီအရှေ့မြောက်ပိုင်း၌ ရေလွှမ်း၊ လေးဦးသေဆုံး

တူရကီနိုင်ငံအရှေ့မြောက်ပိုင်းကမ်းခြေဒေသဖြစ်သည့် အက်ဗင်ပြည်နယ် ကော်ကာမြို့တွင် စက်တင်ဘာ ၂၄ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားရာ အိမ်အများအပြား ရေနစ်မြုပ်ကာ လေးဦးသေဆုံးခဲ့ကြောင်း တူရကီနိုင်ငံ မိုးလေဝသဌာနအရာရှိများက ပြောကြားသည်။

ဆစ်ဒနီမြို့အရှေ့ဘက်၌ သဲမုန်တိုင်းတိုက်ခတ် နှစ်ပေါင်း ၇၀အတွင်း အဆိုးရွားဆုံးဟုဆို

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့အရှေ့ဘက်ဒေသများ၌ စက်တင်ဘာ ၂၄ရက်က သဲမုန်တိုင်းများတိုက်ခတ်ခဲ့ရာ နှစ်ပေါင်း ၇၀အတွင်းအဆိုးရွားဆုံးဖြစ်ကြောင်း၊ လေယာဉ်များနှင့် မော်တော်ယာဉ်များပျံသန်းသွားလာမှု ပြတ်တောက်ခဲ့ကြောင်း ဩစတြေးလျအရာရှိများက ပြောကြားသည်။

တောင်အာဖရိက ဂျိုဟန်နစ္စဘတ်လေဆိပ်၌ ခရီးသည်တင်လေယာဉ် အင်ဂျင်ချွတ်ယွင်း၍ ထိုးဆင်းခဲ့ရ

*တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့ နိုင်ငံတကာလေဆိပ်အနီးရှိ စာသင်ကျောင်း တစ်ကျောင်း၏ အားကစားကွင်းအတွင်းသို့ စက်တင်ဘာ ၂၄ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း အင်ဂျင်ချွတ်ယွင်းပြီးထိုးဆင်းခဲ့ရာ ခရီးသည်များ ဒဏ်ရာရရှိခဲ့သော်လည်း သေဆုံးမှုမရှိကြောင်း ဂျိုဟန်နစ္စဘတ်လေဆိပ်မှ အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ) (အင်တာနက်)***

စက်မှုလယ်ယာကူးပြောင်းဖို့ စပါးရိတ်စက်သုံးစွဲကြစို့

လယ်ယာသတင်းမြင်ကွင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု-ဝင်းချို(မြန်မာ့အလင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများကို တောင်သူများ ဤသို့လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၄

နိုင်ငံတော်က နိုင်ငံတစ်ဝန်း ဆည်မြောင်းတာတမံများ နေရာအနှံ့ တည်ဆောက်ပေးခဲ့ပြီ။ လယ်ယာမြေများလည်း စိုက်ပျိုးရေ ဖူလုံစေခဲ့ပြီဖြစ်ရာ လယ်ယာလုပ်ငန်းများ အင်ပြည့်အားပြည့် လုပ်ကိုင်ရန်အတွက် လူအစားထိုး စက်ကိရိယာများ သုံးစွဲရန် လိုအပ်လာပြီ ဖြစ်သည်။

ပြသ

ယခုအခါ တောင်သူဦးကြီးတို့ အချိန်မကုန် လူမပန်းဘဲ ခေတ်မီနည်းစနစ်ဖြင့် ရိတ်သိမ်းနိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာ ဦးစီးဌာနက စပါးရိတ်စက်ကို ထုတ်လုပ်လိုက်ပြီဖြစ်သည်။ စပါးရိတ်စက်၏ စွမ်းရည်ပြသခြင်းနှင့် တောင်သူများနှင့် မိတ်ဆက်ပေးခြင်း အခမ်းအနားကို ပဲခူးတိုင်း ပဲခူးမြို့နယ် ကမာနတ်ကျေးရွာ တောင်ဘက်ရှိ စံပြစိုက်ခင်း၌ စက်တင်ဘာ ၂၃ ရက် နံနက်၁၀နာရီက ကျင်းပရာ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာခဲ့ကြသည်။

ပြီးမြောက်

စပါးရိတ်စက်၏ စွမ်းရည်နှင့် ပတ်သက်ပြီး စက်မှုလယ်ယာဦးစီးဌာန စက်ရုံနှင့်သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူးဦးစိုးလှိုင်က **"တောင်သူတွေရဲ့ လက်တွေ့လုပ်ငန်းခွင်မှာ ထိရောက်တဲ့ အကျိုးပြုမှုကိုဖြစ်စေဖို့အတွက်နဲ့ အချိန်တိုအတွင်း စပါးရိတ်သိမ်း ပြီးမြောက်စေဖို့ပါပဲ၊ စပါးရိတ်စက် နှစ်မျိုးရှိပြီး ဒီဇယ်အင်ဂျင်သုံး 4 GL-120 A အမျိုးအစားနဲ့ ဓာတ်ဆီအင်ဂျင်သုံး AMR 99-4 စပါးရိတ်စက်အမျိုးအစားတွေပဲဖြစ်ပါတယ်"** ဟု မြန်မာ့အလင်းသို့ရှင်းပြသည်။

အသင့်အနေအထား

စပါးနှံများ ညွှတ်နေအောင် သီးနေသည့် လယ်ကွင်းကြီးအတွင်း စပါးရိတ်စက်ဖြင့် လက်တွေ့ရိတ်သိမ်း သရုပ်ပြမှုကို လေ့လာတွေ့ရှိရသည်။ ရိတ်ပြီးသား စပါးပင်များက စီတန်းညီညာစွာ ကျဆင်းသွားပြီး ကောက်လှိုင်းစည်းရန် အသင့်အနေအထား ဖြစ်နေပေသည်။ စပါးနှံများ အလေအလွင့်နည်းပါးကြောင်း တွေ့ရသည့်အတွက် လာရောက် ကြည့်ရှုလေ့လာသူများ အံ့သြကြရသည်။

လက်တွေ့ရိတ်သိမ်း

စပါးရိတ်စက်ကို တောင်သူတစ်ဦး လက်တွေ့ရိတ်နေစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

"4GL-120 A ရိတ်စက်ကို အသုံးပြုတဲ့အခါ တစ်ရက်ကို ရှစ်နာရီ ရိတ်မယ်ဆိုရင် လယ်မြေ လေးဧကကျော် စပါးရိတ်နိုင်ပါတယ်။ တစ်နာရီဆီစားနှုန်းကလည်း ဂါလန်ဝက်ပဲကုန်တာမို့ ကုန်ကျစရိတ်မများတဲ့အပြင် ကျသင့်ငွေကိုလည်း နှစ်နှစ်အတွင်းမှာ သုံးရစ်ခွဲပေးလို့ရပါတယ်။ ရိတ်စက်ဝယ်ပြီး ပထမ ရိတ်သိမ်းရာသီမှာ ချွတ်ယွင်းမှုရှိခဲ့ရင် ကျွန်တော်တို့က အခမဲ့ ပြင်ဆင်မှုဆောင်ရွက်ပေးပါတယ်။ နည်းပညာပိုင်း၊ စက်မောင်းနှင်မှု အပိုင်းနဲ့ ကိုင်တွယ်ထိန်းသိမ်းမှု အပိုင်းတွေမှာ စက်မှုလယ်ယာ ဝန်ထမ်းတွေက နည်းပြအဖြစ် ပူးတွဲဆောင်ရွက်ပေးသွားဖို့လည်း စီစဉ်ထားပါတယ်" ဟု ဦးစိုးလှိုင်က ဆက်လက်ရှင်းပြသည်။

ဝယ်ယူမည်

အချိန်တိုအတွင်း လယ်တစ်ကွက် ရိတ်ပြီးသွားသော ရိတ်စက်ကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုနေသည့် တောင်သူများအနက် တောင်သူတစ်ဦးအားမေးမြန်းရာ **"ကျွန်တော့်နာမည် ကိုသက်ဦးလို့ ခေါ်ပါတယ်။ ဒိုက်ဦးမြို့နယ် ဖအောင်ဝဲရွာက ဖြစ်ပါတယ်။ ကျွန်တော်က လယ်ဧက ၄၀ လုပ်ကိုင်တာမို့ အချိန်မီရိတ်နိုင်အောင် ခြွေလှေ့စက် ဝယ်ဖို့လာရောက်တာပါ။ ကျွန်တော့်မှာ လယ်ယာ-၂၂ ထွန်စက် ဝယ်ပြီးသားရှိပါတယ်။ သီးထပ်စိုက်ဖို့အတွက် အချိန်ပိုရအောင် စပါးရိတ်စက် ဝယ်မှာပါ"** ဟု အားရပါးရ ပြောကြားသည်။

"သီးထပ်စိုက်ဖို့အတွက် အချိန်ပိုရအောင် စပါးရိတ်စက်ဝယ်မှာပါ"
ကိုသက်ဦး
တောင်သူ ဖအောင်ဝဲရွာ။

စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်လိုက်သော စပါးရိတ်စက် AMR 99-4 နှင့် 4GL-120 A အမျိုးအစားများသည် မြင်းကောင်ရေ ငါးကောင်အား တစ်လုံးထိုး အင်ဂျင်ကို အသုံးပြုထားသည်။ စပါးပင် အနိမ့်ဆုံးလက်မ ၂၀ နှင့် အမြင့်ဆုံး ၄၈ လက်မ အရှည်တို့၌ ကောင်းစွာရိတ်နိုင်သလို စပါးပင်အနိမ့်အမြင့်မရွေးရိတ်နိုင်သည့် ရိတ်စက်လည်းဖြစ်သည်။ လက်ရှိ သတ်မှတ်ထားသော ရိတ်စက်တန်ဖိုးမှာ ကျပ် ၅၀၁၀၀၀ ဖြစ်သည်။

ဝယ်ယူနိုင်

စပါးရိတ်ရာတွင် အချိန်တိုအတွင်း လုပ်ငန်းပြီးစီးနိုင်ပြီး နောက်ထပ် သီးထပ်စိုက်ပျိုးရန် အချိန်လုံလောက်စွာ ရနိုင်သည့်အပြင် ရိတ်သိမ်းခ အခက်အခဲနှင့် စပါးရိတ်သိမ်းသူ ရှာဖွေရမှု အခက်အခဲများကို ပြေလျော့စေသည်သာမက အလေအလွင့်နည်းပါးသည့် စပါးရိတ်စက်များကို မြန်မာနိုင်ငံတစ်ဝန်းရှိ စက်မှုလယ်ယာ ဦးစီးဌာန ထွန်စက်စခန်းများ၌ ဆက်သွယ် ဝယ်ယူနိုင်ကြပြီ ဖြစ်ပါသည်။

စက်မှုလယ်ယာသို့ ကူးပြောင်းချိန်တွင် ယခုပြသသည့် စပါးရိတ်စက်အပြင် လယ်ယာသုံး စက်ကိရိယာများကို တောင်သူများ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးအတွက် ဖြည့်ဆည်းပေးနေပြီဖြစ်ရာ မြန်မာ့လယ်ယာတစ်ခွင်၌ စက်ကိရိယာသံနှင့် တောင်သူတို့တေးသံ အပြိုင်အဆိုင် လွင့်ပျံ့နေပေတော့မည် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

"4GL-120 A ရိတ်စက်ကို အသုံးပြုတဲ့အခါ တစ်ရက်ကို ရှစ်နာရီ ရိတ်မယ်ဆိုရင် လယ်လေးဧကကျော် စပါးရိတ်နိုင်ပါတယ်"
ဦးစိုးလှိုင်
ညွှန်ကြားရေးမှူး
စက်ရုံနှင့် သုတေသနဌာနခွဲ

စက်မှုလယ်ယာ ဦးစီးဌာနမှ ထုတ်လုပ်သော စပါးရိတ်စက်များကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စပါးရိတ်စက် AMR 99-4 နှင့် 4GL-120 A အမျိုးအစားများသည် မြင်းကောင်ရေ ငါးကောင်အား တစ်လုံးထိုးအင်ဂျင်ကို အသုံးပြုထား။ စပါးပင် အနိမ့်ဆုံးလက်မ ၂၀နှင့် အမြင့်ဆုံး ၄၈ လက်မ အရှည်တို့၌ ကောင်းစွာရိတ်နိုင်သလို စပါးပင် အနိမ့်အမြင့်မရွေးရိတ်နိုင်။

25-9 (06).pmd 1 9/24/2009, 2:07 PM

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရေစကြို၌ မိုးစပါးစိုက်ဧက ပြည့်မီကျော်လွန်

မကွေးတိုင်း ၂၅မြို့နယ်တွင် များသောအားဖြင့် ၂၀၀၉ခုနှစ် စက်တင်ဘာ ပထမပတ်တွင် မိုးသည်းထန်စွာ သုံးကြိမ်ခန့်ရွာသွန်းသောကြောင့် တောင်သူဦးကြီးများ၏ မိုးစပါးစိုက်ပျိုးမှု၊ မိုးရေများသောက်သုံးရေရရှိ၍ ၂၀၀၉-၂၀၁၀တွင်လည်း ရေစကြိုတစ်မြို့နယ်လုံး မိုးစပါးဧကပေါင်း ၃၀၀၅၇ဧက စိုက်ပျိုးရန်လျာထားရာ မိုးစပါးဧက ၂၁၅၃၂ဧက စိုက်ပျိုးပြီးဖြစ်သဖြင့် ရာသီမီ သတ်မှတ်ဧက ပြည့်မီကျော်လွန်မည်ဖြစ်သည်။ (ဝဖြ)

ဆီဆိုင်မြို့ သာယာလှပရေးဆောင်ရွက်

ဆီဆိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဆီဆိုင်မြို့အဝင် ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာတွင် မြေယာရှင်းအလှဆောင်ရွက်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းတို့ကို ဩဂုတ် ၂၂ရက်ကဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခွန်ဝင်းမင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မှုခင်းကျဆင်းရေး ညှိနှိုင်းဆွေးနွေး

ရမည်းသင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်မှုခင်းသတင်းထောက်များ၏ (ပထမအကြိမ်) တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ရက် နံနက် ၁၀နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဝင်းတင့်က မြို့နယ်အတွင်း မှုခင်းကျဆင်းရေးကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ခရိုင်မှုခင်းသတင်းထောက် (တာဝန်ခံ) ဦးမင်းဟိန်းခန့်က ခရိုင်နှင့်မြို့နယ် မှုခင်းသတင်းထောက်များ၏ အမည်စာရင်းနှင့်တာဝန်များကို ဖတ်ကြားသည်။ (၁၆၉)

မိုးမိတ်၌ လမ်းခင်းရန်ကျောက်စုဆောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော အာသံရွာကတ္တရာလမ်းခင်းရန် ကျောက်စုဆောင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ထွေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မျိုးထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြော

မန္တလေး အောင်မြေသာစံမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ရက် နံနက်က ဒေါနဘွားရပ်ကွက် မုန်တိုင်းဇရပ်၌ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဒေါ်မြစန္ဒာက အမှာစကားပြောကြားပြီး မန္တလေးတိုင်း ယာဉ်ထိန်းတပ်ဖွဲ့ ဒုတိယရဲမှူးဝင်းကြည်က ရုပ်ပုံ၊ ဆလိုက်များဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရန်နှင့် ရှောင်ရန်များကို ပညာပေးဟောပြောသည်။ (ဝ၉၀)

ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲ ရွှေဘို၌ကျင်းပ

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (ဒိုင်း) ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၅ရက် ညနေ ၄နာရီက ရွှေဘိုမြို့ ရန်ကြီးအောင်အားကစားကွင်း၌ကျင်းပရာ နောက်ဆုံးဗိုလ်လုပွဲတွင် ကျောက်မြောင်းကျေးရွာအသင်းက တဂဏန်းကျေးရွာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ (ခရိုင် ပြန်/ဆက်)

စံ(၅)ချက်နှင့်ပြည့်စုံရေး မင်းကင်း၌ဆွေးနွေး

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းလှိုင်သည် စက်တင်ဘာ ၁၅ရက် နံနက် ၉နာရီက မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေးနှင့် ဝန်ထမ်းများတွေ့ဆုံ၍ မြို့နယ်အတွင်း စံ(၅)ချက်နှင့်ပြည့်စုံသော ကျေးရွာစာကြည့်တိုက်များ စည်းရုံးရေးနှင့် အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများဖြစ်အောင် ကြိုးစားရေးတို့ကို ရှင်းလင်းပြောကြားသည်။ (ဝ၃၃)

ဟားခါး၌ စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်းနှင့်အဖွဲ့သည် စက်တင်ဘာ ၁၈ရက်က ၂၀၀၉ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ကျင်းပသည့် ဟားခါးမြို့ အထက(၁) ဗိုလ်တိုက်ချွန်းခန်းမ၌ မြို့ဟောင်းရပ်ကွက် ဖားပွားလ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် မြို့ဟောင်းအလကစာကြည့်တိုက်အတွက် တန်ဖိုးငွေကျပ် ၁၃၃၅၀၀ရှိ စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ် စုစုပေါင်း အစောင် ၅၈၀ကို ပေးအပ်လှူဒါန်းကြသည်။ (ပြည်နယ် ပြန်/ဆက်)

သတင်းစာပို့ ဝန်ဆောင်မှုအသင်း ညှိနှိုင်းစည်းဝေး

မန္တလေး အလင်းရောင် သတင်းစာပို့လုပ်ငန်း ဝန်ဆောင်မှုသမဝါယမအသင်း(၂)၏ ၂၀၀၈-၂၀၀၉ အစုရှယ်ယာဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၂၀ရက်က အသင်းခန်းမ၌ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးထွန်းစိန်က သတင်းစာပို့လုပ်ငန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ရှေ့လုပ်ငန်းများ ညှိနှိုင်းကြသည်။ (ဝ၉၂)

ပြည်ကြီးမဏ္ဍိုင်မြို့တွင် အရန်မီးသတ် သင်တန်းဖွင့်

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့တွင် အရန်မီးသတ်တပ်ဖွဲ့အခြေခံသင်တန်း (၁/၂၀၀၉) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ရက် နံနက် ၉နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးသီဟစိုးက အဖွင့်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသား ၆၀ တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

ရောဝတီမြစ်ကူးတံတား ၁၂စင်း ရှိလာတော့မည်
ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ရန်ကုန်-ပုသိမ်လမ်းကို စက်ယန္တရားများဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်ဖြင့် လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ညောင်တုန်းမြို့ရှိ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၄) ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်တို့က ဧရာဝတီမြစ်ကြောင်းအခြေအနေ၊ ဗိုလ်မြတ်ထွန်းတံတားထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဧရာဝတီမြစ်ကူးရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါ တံတားအသစ်တည်ဆောက်မည့် လျာထားနေရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ဧရာဝတီမြစ်ကူးရထားလမ်းနှင့် ကားလမ်းနှစ်လမ်းပါ တံတားအသစ်တစ်စင်း ထပ်မံတည်ဆောက်မည့် တံတားလမ်းအူကြောင်းနေရာကို ရေယာဉ်ဖြင့် မြစ်ကြောင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် ဗိုလ်မြတ်ထွန်းတံတား၏ ကြံ့ခိုင်မှုအခြေအနေကို တံတားတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

တည်ဆောက်မည်

ယခင်က ဧရာဝတီမြစ်ကိုဖြတ်ကျော်တည်ဆောက်ထားသည့် အင်းဝတံတားတစ်စင်းသာရှိခဲ့ရာမှ ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သော ဧရာဝတီမြစ်ကူးတံတား ရှစ်စင်းအပါအဝင် စုစုပေါင်း ဧရာဝတီမြစ်ကူးတံတားကိုးစင်းအပြင် ရထားလမ်းနှင့်ကားလမ်းနှစ်လမ်းပါသည့် ဧရာဝတီမြစ်၏ ဒုတိယမြစ်ကျဉ်း (စင်းခန်း)နေရာ၌ တစ်စင်း၊ ဧရာဝတီမြစ်၏ စတုတ္ထမြစ်ကျဉ်း (မလွန်-ပထနဂိုရ်)နေရာ၌တစ်စင်းနှင့် ဗိုလ်မြတ်ထွန်းတံတားအနီး၌တစ်စင်း စုစုပေါင်း တံတားသစ်သုံးစင်းတို့ကို ထပ်မံတည်ဆောက်သွားမည်ဖြစ်ရာ ဧရာဝတီမြစ်ကူးတံတား ၁၂စင်းရှိလာတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာပိုင် သစ်တောစိုက်ခင်းများနှင့် စက်ရုံများ
သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် စစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၁၉ရက်က မိတ္ထီလာမြို့နယ် မုန်တိုင်ကြီးပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကျေးရွာသုံး ထင်းစိုက်ခင်း ၂၅ဧကနှင့် ဧက ၁၀၀ စိုက်ခင်းများ၊ ကျောက်ပန်းတောင်းမြို့နယ် တယ်ပင်ကျေးရွာ ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် သစ်တောစိုက်ခင်းများ၊ ကိုင်းတောကြီးပြင် ကာကွယ်တောလမ်းဘေးဝဲယာ အခြားစိုက်ခင်းများ၊ ကိုရီးယားသမ္မတနိုင်ငံ KOICA မှ ညောင်ဦးမြို့နယ် ဘူးကင်းတောင် စိမ်းလန်းစိုပြည်ရေး စိုက်ခင်း ၂၃၄ ဧကထူထောင်ရန်ဆောင်ရွက်နေမှုအခြေအနေများ၊ ညောင်ဦးမြို့ ကျေးလက်အိမ်ရာထူထောင်ရေး စီမံချက် တန်ဖိုးနည်း ယူကလစ်အိမ်ရာ နမူနာဆောက်လုပ်ထားမှုများနှင့် ပုဂံမြို့ လောကနန္ဒာဘေးမဲ့တောဥယျာဉ် စိမ်းလန်းစိုပြည်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးသည် စက်တင်ဘာ၂၀ ရက်တွင် ပခုက္ကူမြို့နယ် တင်ဝင်းထွန်း ကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံ၊ ရေစကြိုမြို့နယ် ကျောက်လှေခါးရွာ သစ်တောဦးစီးဌာန ကွက်လပ်ဖြည့်စိုက်ခင်း၊ မုံရွာမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၇၅)သစ်စက်၊ အမှတ်(၁)သစ်ပါးလွှာစက်ရုံနှင့် ချောင်းဦးမြို့ ငါးယုဉ်ကျေးရွာ၌ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်ပင် ၂၀ အိမ်ထောင်စု ၇၅ စု၌ စိုက်ပျိုးထားရှိမှုနှင့်တစ်ရွာတစ်ဧက ယူကလစ်စိုက်ခင်းအပင် ၅၄၀ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

စက်တင်ဘာ၂၁ ရက်တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ ဝင်းမာလာအောင် သစ်အချောထည်စက်ရုံ၊ ဒါယန်းသစ်အခြေခံစက်ရုံ၊ အမရပူရမြို့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၁၀၃)သစ်စက်နှင့် အဆင့်မြင့်မီးသွေးတောင့်စက်ရုံ၊ အမရပူရမြို့ သစ်အခြေခံစက်မှုလုပ်ငန်းဌာနအမှတ် (၂-ခ) ပုံဖော်စက်ရုံတို့ကိုလည်းကောင်း၊ ယနေ့တွင် ကျောက်ဆည်မြို့နယ် ဒါန်းရွာ(မိုးနဲကုန်း)၌ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်ပင် ၂၀ စိုက်ပျိုးထားမှုများ၊ မြစ်သားမြို့နယ် ညောင်ပင်သာကျေးရွာ ကျေးရွာပိုင် ယူကလစ်စိုက်ခင်း၊ ဝမ်းတွင်းမြို့နယ် ဘုရားဖြူကျေးရွာ ကျေးရွာပိုင်ယူကလစ်စိုက်ခင်းနှင့် သာစည်မြို့နယ် ငသက်ရွာ ကျေးရွာပိုင်ယူကလစ်စိုက်ခင်းများ၊ မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာ အိမ်ထောင်စု ၁၀၅ စု၌ တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ ယူကလစ်ပင် ၂၀ စိုက်ပျိုးမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ရွှေကျင်ချောင်းသဘာဝရေပြင်နှင့် အင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်

ရွှေကျင် စက်တင်ဘာ ၂၄

ပဲခူးခရိုင် ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန အစီအစဉ်ဖြင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို(အပေါ်ပုံ) စက်တင်ဘာ ၁၀ရက် နံနက် ၉နာရီက ပျဉ်းမပင်ရပ်ကွက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူး ဦးကြည်ဝင်း၊ ဒုတိယဦးစီးမှူး ဦးကျော်တိုးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသဘာဝရေပြင်နှင့် အင်းချောင်းများအတွင်းသို့ ရွှေဝါငါးကြင်း၊ တီလားပီးယားနှင့်ငါးခုံးမကြီး သားပေါက်ကောင်ရေ ခြောက်သိန်းကို စိုက်ထည့်ပြီးကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ အထိမ်းအမှတ်
စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ၂၀၀၉ ခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၇ ရက်က မော်လမြိုင်မြို့ အထွေထွေ ရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပရာ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ ကြက်ခြေနီတပ်ဖွဲ့ဝင် ၃၀ တို့ စုပေါင်းသွေးလှူဒါန်းကြသည်။

သွေးလှူဒါန်းပွဲသို့ မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာဇော်ဝင်း၊ အတွင်းရေးမှူး ဒေါက်တာတိုးတိုးအောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်၊ ပြည်နယ်ခေတ္တရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်မြင့်၊ သွေးလှူဘဏ်တာဝန်ခံ ဒေါက်တာစန္ဒာမြိုင်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး **(အောက်ပုံ)** သွေးလှူဒါန်းကြသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား အာဟာရဆေးဝါးများနှင့် ဂုဏ်ပြုပစ္စည်းများကို ပေးအပ်ကြသည်။ (သတင်းစဉ်)

မိုင်းခုတ် - မိုင်းဖြတ် မဟာဗျူဟာလမ်းပိုင်း တစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-ဆောက်လုပ်ရေး)

*** ကျောဖုံး**

ဥပမာအားဖြင့် တစ်ရက် နှစ်ဖက်သွားယာဉ် ၅၀ရှိနိုင်သော လမ်းကိုတည်ဆောက်လိုပါက အနိမ့်ဆုံးလမ်းအဆင့် D-VI ကိုရွေးရပါသည်။D -VI ၏ သတ်မှတ်လမ်းသား အကျယ်မှာ ၁၂ပေရှိပြီး အလျားလိုက် လျှောစောင်းမှာ မြေပြန့်၌ ငါးရာခိုင်နှုန်း၊ တောင်ပေါ်၌ ရှစ်ရာခိုင်နှုန်းနှင့် ခွင့်ပြုယာဉ်သွားနှုန်းမှာ မြေပြန့်၌တစ်နာရီ မိုင် ၅၀၊ တောင်ပေါ်၌ တစ်နာရီ မိုင် ၃၀ဖြစ်သည်။ တစ်ရက်သွားလာမည့် ယာဉ်ပမာဏသည် ၂၀၀နှင့် ၅၀၀ကြားဖြစ်ပါက တည်ဆောက်ရမည့်လမ်းအဆင့်မှာ D-IV ဖြစ်သဖြင့် လမ်းသားအကျယ်မှာ ၁၈ပေ၊ အလျားလိုက်လျှောစောင်းမှာ မြေပြန့်၌ သုံးရာခိုင်နှုန်း၊ တောင်ပေါ်၌ ခြောက်ရာခိုင်နှုန်းနှင့် ခွင့်ပြုယာဉ်သွားနှုန်းမှာ မြေပြန့်၌ တစ်နာရီ မိုင်၆၀၊ တောင်ပေါ်၌ တစ်နာရီ မိုင် ၄၀ဖြစ်သည်။

လမ်းအဆင့်မြှင့်တင်ပေး

ဤကဲ့သို့ပင် တစ်ရက်ဖြတ်သန်းသွားလာသည့် ယာဉ်ပမာဏများလာသည်နှင့်အမျှ လမ်းသားအကျယ်နှင့် လမ်းပခုံးအကျယ်များ ကျယ်ပေးခြင်း၊ လမ်းအလျားလိုက် လျှောစောင်းများပြေပေးခြင်း၊ ခွင့်ပြုယာဉ်သွားနှုန်းမြှင့်ပေးခြင်းနှင့် ယင်းယာဉ်သွားနှုန်းနှင့်ကိုက်ညီသော လမ်းအကွေ့စောင်းခြင်းများကို အန္တရာယ်ကင်းစေရန် ဒီဇိုင်းပြုလုပ်ပေးရပါသည်။ ထို့အပြင် အသုံးပြုမည့် လမ်း၊ ယာဉ်ပမာဏ၊ အလေးချိန်၊ ဝင်ရိုးအရေအတွက်၊ အသုံးပြုမည့် လမ်းအောက်ခံမြေ၏ အင်အားနှင့် အသုံးပြုနိုင်မည့် လမ်းခင်းပစ္စည်းတို့ အပေါ်မူတည်လျက် လမ်းလွှာအထူ၊ တည်ဆောက်မည့်နည်းနှင့် စံချိန်စံညွှန်းများကို ပုံစံထုတ်ပေးရပါသည်။ အသုံးပြုမည့် လမ်းခင်းပစ္စည်း(မြေ၊ ကျောက်၊ သဲ၊ ဘိလပ်မြေ၊ ကတ္တရာ)တို့ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိမရှိလည်း စမ်းသပ်ပေးရပါသည်။ လမ်းများပေါ်တွင် ဖြတ်သန်းသွားလာကြသည့် ယာဉ်စီးရေပမာဏမှာ များပြားလာသကဲ့သို့ ကုန်တင်ယာဉ်အလေးချိန်များမှာလည်း တိုးပွားလျက်ရှိပါသည်။ ၁၉၈၈ ခုနှစ် ရှေ့ပိုင်း၌ ကုန်တင်ယာဉ် အလေးချိန်မှာ အများဆုံး ၁၃တန် ဖြစ်သော်လည်း နောက်ပိုင်းကာလ၌ ကုန်တင်ယာဉ် အလေးချိန်များသည် တန် ၆၀အထိ တိုးပွားလာသဖြင့် လမ်းဒီဇိုင်းပုံစံ ထုတ်ရာ၌လည်း မူလအသုံးပြုခဲ့သော ဒီဇိုင်းကုန်တင်ယာဉ် ၁၃တန်အစား ဒီဇိုင်းကုန်တင်ယာဉ်တန် ၆၀သို့ ပြောင်းလဲစဉ်းစားကာ ဒီဇိုင်းပုံစံများ ထုတ်ပေးခဲ့ပါသည်။ ထိုသို့ ပြုလုပ်ခြင်းသည် လမ်းအဆင့်ကို မြှင့်ပေးခြင်းဖြစ်သည်ဟု သိရသည်။

ပျက်ယွင်းလျက်ရှိ

ပုံမှန်အားဖြင့် လမ်းသက်တမ်းများကို ကတ္တရာလမ်းအတွက် (၁၀)နှစ်နှင့် ဘိလပ်မြေကွန်ကရစ်လမ်းအတွက် နှစ် ၄၀ သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံ၏ လမ်းများသည် သက်တမ်းတိုအတွင်း ယခုအခါ ပျက်ယွင်းလျက်ရှိကြသည်။

သက်တမ်းတိုအတွင်း လမ်းပျက်ယွင်းခြင်းမှာ အောက်ပါအချက် နှစ်ချက်အနက် တစ်မျိုးမျိုးကြောင့် ဖြစ်သည်ဟုဆိုသည်-

၁။ လမ်းပေါ်ယာဉ်များ၏ သက်ရောက်မှုအားသည် မူလခန့်မှန်းချက်ထက်များနေခြင်း၊

၂။ ယာဉ်များ၏ သက်ရောက်မှုအားသည် မူလသတ်မှတ်ချက်အတွင်း ရှိသော်လည်း လမ်းလွှာအင်အားများသည် မူလသတ်မှတ်ချက်ထက်နည်းနေခြင်းကြောင့် ဖြစ်နိုင်သည်ဆို၏။ ယာဉ်အမျိုးမျိုးကြောင့် ပျက်ယွင်းနိုင်မှုပမာဏမှာ ဝင်ရိုး နှစ်ခုရှိ တန် ၂၀ထရပ်ကားတစ်စီးကြောင့် ဖြစ်ပေါ်မည့် ပျက်ယွင်းမှုပမာဏသည် ဝင်ရိုး နှစ်ခုရှိ ၁၃တန်ထရပ်ကား ခုနစ်စီးဖြတ်သန်းသွားခြင်းနှင့်တူညီသည်ဟု သိရသည်။

ထို့ကြောင့် လမ်းပျက်ယွင်းမှုနည်းပြီး ကြာရှည်ခံနိုင်ရည်ရှိရန် ပုံထုတ်ယာဉ်ထက် အလေးချိန်များသော ယာဉ်များကို လမ်းပေါ်ဖြတ်သန်းခွင့်မပြုခြင်း။ (၂၀၀၉- ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် လမ်...
ဂိတ်များမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ...
စနစ်ဖြင့်ကောက်ခံလျက်ရှိသော လမ်းဂိတ် ၇၀၊ B...
များမှကောက်ခံသော လမ်းဂိတ် ၃၈ ဂိတ် စုစုပေ...
ရှိသည်။ ယခုအခါ ကုန်တင်ယာဉ်အချို့သည် လမ်...
ဂိတ်များမှ သတ်မှတ်ထားသောဝန်ထက် ကျော်လွ...
ကြေးပေးကာ လမ်းများကို အသုံးပြုလျက်ရှိနေ...

- တန်ပို ခွင့်ပြုလိုပါက ပုံထုတ်ယာဉ်ထ... သော ယာဉ်များကို အသုံးပြုစေခြင်း၊ ... အလေးချိန်သတ်မှတ်ပေးခြင်း၊
- လမ်းများကို သတ်မှတ်စံချိန်စံညွှန်း (လ... မြေနှင့် လမ်းလွှာအင်အား၊ လမ်းအနေအ... စေရန် ကွပ်ကဲတည်ဆောက်ခြင်း၊
- လိုအပ်သော သာမန်ပြုပြင်ထိန်းသိမ်းမှ... ရွက်ခြင်း၊
- အလေးချိန်များသော ယာဉ်များကို မူလခ... တိုး၍ လမ်းပေါ် ဖြတ်သန်းသွားလာမှ...
- အလေးချိန်များသောကုန်များကို ဝင်ရိုးမ... သယ်ယူစေရန် သို့မဟုတ် ဝင်ရိုးတစ်... သတ်မှတ် ပေးရန် (Axle Load Limi...
- လမ်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့် က... တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွ...

ထို့အပြင် မြန်မာနိုင်ငံရှိ လမ်းမကြီးများနှင့်...
မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာ...
(ဥပဒေ အမှတ် ၈/၂၀၀၀)မှ လမ်းမကြီးများ ဥပဒေ...
နည်းဥပဒေများအား ပြဋ္ဌာန်းထားပါသည်။ လမ်းမ...
ခြောက်ခန်းပါရှိပြီး လမ်းမကြီးများဆိုင်ရာ န...
ကိုးခန်း ပါရှိသည်ဟု သိရသည်။

လမ်းများပေါ်၌ သွားလာမောင်းနှင်နေကြသော ဤကဲ့သို့ ကုန်တင်ယာဉ်ကြီးများအား ကုန်ပစ္စည်းဝန်ပိုများ တင်ဆောင်နေခြင်း ရှိ မရှိကိုလည်း စစ်ဆေးနေရပေသည်။ (ဓာတ်ပုံမှတ်တမ်း-ဆောက်လုပ်ရေး)

ဝိုင်းဝန်းထိန်းသိမ်း

အချုပ်အားဖြင့်တင်ပြရလျှင် နိုင်ငံတော်အေး...
ရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်...
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်တည်ဆော...
ကောင်းဖြစ်သည့် လမ်းပန်းဆက်သွယ်မှုလွယ်က...
ပြည်သူတို့အတွက် မရှိမဖြစ်ဆောင်ရွက်ရမည့်...
ပြီး ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်နှင့်တို...
များ၊ မြို့နယ်ချင်းဆက်လမ်းများနှင့် မဟာဗျူဟာ လ...
ဖောက်လုပ်ပေးထားလျက်ရှိပါသည်။ သို့သော်လည်...
အသီးသီးမှာ ယခုအခါချို့ယွင်းပျက်စီးမှုရှိသည်ကို ...
နေရပါသည်။ အမှန်တော့ ကမ္ဘာ့နိုင်ငံအသီးသီးရှိ...
မြန်မာနိုင်ငံတွင်လည်း လမ်းများကို တာဝန်ယူ...
ဝန်ထမ်းများနှင့်အတူ B.O.T လုပ်ငန်းရှင်များက ...
သူများကလည်း လမ်းပေါ်တွင် သွားလာမောင်းနှင်...
သတ်မှတ်ဝင်ရိုးများအတိုင်း အသုံးပြုပြီး ဝန်ပိုတ...
ယာဉ် အမျိုးအစားအလိုက် သတ်မှတ်ချက်များ၊ ...
များနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိ...
ထားသည့် လမ်းမကြီးများနှင့်ဆိုင်သော ဥပဒေ၊ န...
ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လမ်းများမပျက်...
ရလေအောင် ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ဟု တိုက်...
သည်။ ။

နယ်စပ်ဒေသ ကျိုင်းတုံ- မိုင်းမွန်- မိုင်းဆတ်လမ်းပိုင်း တစ်နေရာကို တွေ့ရစဉ်။
(ဓာတ်ပုံမှတ်တမ်း-ဆောက်လုပ်ရေး)

25-9 (08).pmd 1 9/24/2009, 2:07 PM

ခြင်း။ (၂၀၀၉- ၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းဂိတ် နှစ်ဂိတ်၊ လေလံစနစ်ဖြင့်ကောက်ခံလျက်ရှိသော လမ်းဂိတ် ၇၀၊ B.O.T လုပ်ကိုင်ခွင့်ရကုမ္ပဏီများမှကောက်ခံသော လမ်းဂိတ် ၃၈ ဂိတ် စုစုပေါင်းလမ်းဂိတ်ပေါင်း ၁၁၀ ရှိသည်။ ယခုအခါ ကုန်တင်ယာဉ်အချို့သည် လမ်းအသုံးပြုခ ကောက်ခံရေးဂိတ်များမှ သတ်မှတ်ထားသောဝန်ထက် ကျော်လွန်တင်ဆောင်လာပြီး တန်ပိုကြေးပေးကာ လမ်းများကို အသုံးပြုလျက်ရှိနေသည်ဟု သိရသည်။

- တန်ပို ခွင့်ပြုလိုပါက ပုံထုတ်ယာဉ်ထက် ဝင်ရိုးအရေအတွက်များသော ယာဉ်များကို အသုံးပြုစေခြင်း၊ ဝင်ရိုးတစ်ခု၏ အများဆုံးအလေးချိန်သတ်မှတ်ပေးခြင်း၊
- လမ်းများကို သတ်မှတ်စံချိန်စံညွှန်း (လမ်းလွှာအထူများ၊ အောက်ခံမြေနှင့် လမ်းလွှာအင်အား၊ လမ်းအနေအထားပုံစံ)နှင့် ကိုက်ညီမှုရှိစေရန် ကွပ်ကဲတည်ဆောက်ခြင်း၊
- လိုအပ်သော သာမန်ပြုပြင်ထိန်းသိမ်းမှုများကို စနစ်တကျဆောင်ရွက်ခြင်း၊
- အလေးချိန်များသော ယာဉ်များကို မူလခန့်မှန်းချက် ရာခိုင်နှုန်းထက်တိုး၍ လမ်းပေါ် ဖြတ်သန်းသွားလာမှု မပြုခြင်း။
- အလေးချိန်များသောကုန်များကို ဝင်ရိုးများသော ယာဉ်များဖြင့်သာ သယ်ယူစေရန် သို့မဟုတ် ဝင်ရိုးတစ်ခုအများဆုံး အလေးချိန်သတ်မှတ် ပေးရန် (Axle Load Limit)၊
- လမ်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိစေရန် ထိန်းသိမ်းတည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဟုဆိုသည်။

ထို့အပြင် မြန်မာနိုင်ငံရှိ လမ်းမကြီးများနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (ဥပဒေ အမှတ် ၈/၂၀၀၀)မှ လမ်းမကြီးများ ဥပဒေနှင့် လမ်းမကြီးများဆိုင်ရာ နည်းဥပဒေများအား ပြဋ္ဌာန်းထားပါသည်။ လမ်းမကြီးများဥပဒေတွင် အခန်းခြောက်ခန်းပါရှိပြီး လမ်းမကြီးများဆိုင်ရာ နည်းဥပဒေများတွင် အခန်းကိုးခန်း ပါရှိသည်ဟု သိရသည်။

ဝိုင်းဝန်းထိန်းသိမ်း

အချုပ်အားဖြင့်တင်ပြရလျှင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်တည်ဆောက်လျက်ရှိရာမှာ အခြေခံကောင်းဖြစ်သည့် လမ်းပန်းဆက်သွယ်မှုလွယ်ကူ လုံခြုံချောမွေ့စေရေးကို ပြည်သူတို့အတွက် မရှိမဖြစ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်အဖြစ်ခံယူပြီး ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်နှင့်တိုင်း ဆက်သွယ်သည့် လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများနှင့် မဟာဗျူဟာ လမ်းမကြီးများ စသည်တို့ကို ဖောက်လုပ်ပေးထားလျက်ရှိပါသည်။ သို့သော်လည်း အဆိုပါလမ်းမကြီးများ အသီးသီးမှာ ယခုအခါချို့ယွင်းပျက်စီးမှုရှိသည်ကို စိတ်မကောင်းဖွယ်ရာတွေ့ရှိနေရပါသည်။ အမှန်တော့ ကမ္ဘာ့နိုင်ငံအသီးသီးရှိနေသည့် စံနှုန်းများအတိုင်း မြန်မာနိုင်ငံတွင်လည်း လမ်းများကို တာဝန်ယူပြုပြင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့်အတူ B.O.T လုပ်ငန်းရှင်များက ပြုပြင်ခြင်း၊ လမ်း အသုံးပြုသူများကလည်း လမ်းပေါ်တွင် သွားလာမောင်းနှင်နေကြသည့် ယာဉ်များကို သတ်မှတ်ဝင်ရိုးများအတိုင်း အသုံးပြုပြီး ဝန်ပိုတင်ခြင်းများကို ရှောင်ရှား၍ ယာဉ် အမျိုးအစားအလိုက် သတ်မှတ်ချက်များ၊ လမ်းစည်းမျဉ်း စည်းကမ်းများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြဋ္ဌာန်းထားသည့် လမ်းမကြီးများနှင့်ဆိုင်သော ဥပဒေ၊ နည်းဥပဒေများအား လိုက်နာဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ လမ်းများမပျက်စီး မဆုံးရှုံးသင့်တာမဆုံးရှုံးရလေအောင် ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

နှလုံးသွေးကြောရောဂါ စမ်းသပ်ကုသပေးခြင်း လုပ်ငန်းအောင်မြင်

ဝန်ကြီးဒေါက်တာကျော်မြင့် နှလုံးကုသမှု လုပ်ငန်းများ ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၃ရက် နံနက် ၉နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှလုံးကုသဌာန၌ နှလုံးသွေးကြောစမ်းသပ်ခြင်းနှင့် နှလုံးသွေးကြောချဲ့ခြင်း၊ Pace Maker ထည့်ခြင်း ကုသမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုအားပေးသည်။

နှလုံးအထူးကုဆရာဝန်ကြီးများ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှလုံးကုသဌာန၌ နှလုံးသွေးကြောစမ်းသပ်ခြင်းနှင့် နှလုံးသွေးကြောချဲ့ခြင်း၊ Pace Maker ထည့်ခြင်း ကုသမှုလုပ်ငန်းများကို ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ဖြည့်ဆည်းဆောင်ရွက်

ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် အဖွဲ့သည် နှလုံးသွေးကြောရောဂါ စမ်းသပ်ခန်း၌ နှလုံးသွေးကြောရောဂါ လူနာ ဦးသန်းအောင်အား နှုတ်ဆက်အားပေးစကား ပြောကြားပြီး နှလုံးရောဂါအထူးကု ဆရာဝန်ကြီးများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံအားပေးကာ ကွန်ပျူတာထိန်းချုပ်ခန်း၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နှလုံးသွေးကြောရောဂါစမ်းသပ်ကုသပေးခြင်းလုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က အနီးကပ်ကြီးကြပ်၍ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းတင်ထွန်းက ကူညီပံ့ပိုးစီစဉ်ဆောင်ရွက်ပေးပြီး အဖွဲ့ခေါင်းဆောင်အဖြစ် နှလုံးအထူးကု ဆရာဝန်ကြီး ဒေါက်တာလွင်တင်အေးက ဦးဆောင်ကာ နှလုံးအထူးကုဆရာဝန်ကြီးဒေါက်တာမြင့်စိုးဝင်း၊ တွဲဖက်ပါမောက္ခ (ဆေးပညာ) ဒေါက်တာ စီစီထွန်း၊ တွဲဖက်ပါမောက္ခ(ဓာတ်မှန်) ဒေါက်တာ နော်သဲလ်စေ၊ အထူးကုဆရာဝန် (နှလုံးခွဲစိတ်) ဒေါက်တာအောင်သူတို့ ပါဝင်သော ကျွမ်းကျင်မှုဆိုင်ရာအဖွဲ့က တာဝန်ယူ၍ ဆောင်ရွက်ကြသည်။

အောင်မြင်စွာကုသ

နှလုံးသွေးကြော စမ်းသပ်ခြင်းနှင့် နှလုံးသွေးကြောချဲ့ခြင်း ကုသပေးမှုလုပ်ငန်းဆောင်ရွက်ရာတွင် အထူးကုဆရာဝန်ကြီးများနှင့် အကူသူနာပြုငါးဦး၊ ဓာတ်မှန်(X-Ray)ကျွမ်းကျင်သူတစ်ဦးတို့ကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ပြီး အထူးကြပ်မတ် ကုသဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့် အဖွဲ့ကလည်း ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးကာ နှလုံးသွေးကြောရောဂါ ဝေဒနာရှင်လေးဦးအား အောင်မြင်စွာ ကုသပေးခဲ့ကြသည်။

စက်တင်ဘာ ၂၃ရက်တွင် နှလုံးသွေးကြောရောဂါ စမ်းသပ်ကုသပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပထမနေ့၌ နှလုံးသွေးကြော ကျဉ်းလူနာနှစ်ဦးနှင့် Pace Maker တပ်ဆင်ပေးသည့် လူနာတစ်ဦးတို့အား အောင်မြင်စွာ စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ပြီး ယနေ့နှလုံးသွေးကြောကျဉ်း လူနာတစ်ဦးအား နှလုံးသွေးကြော အတွင်း ပိုက်ထည့်စမ်းသပ်စစ်ဆေး ကုသပေးနိုင်ခဲ့သည်။

ကျန်းမာရေးကောင်းမွန်

ယနေ့ နံနက်ပိုင်းတွင် နှလုံးသွေးကြော အတွင်းသို့ ပိုက်ထည့် စမ်းသပ် စစ်ဆေးကုသပေးခဲ့သော နှလုံးအထူးကု ဆရာဝန်ကြီးများသည် နှလုံးသွေးကြော ရောဂါကုသမှုခံယူခဲ့ကြသည့် လူနာများအား လှည့်လည်ကြည့်ရှုစမ်းသပ်စစ်ဆေးရာ လူနာအားလုံး၏ ကျန်းမာရေး အခြေအနေကောင်းမွန်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အောင်မြင်စွာ ဆောင်ရွက်

နှလုံးသွေးကြော ရောဂါဝေဒနာရှင်လေးဦးအား နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှလုံးကုသဌာန၌ နှလုံးသွေးကြော စမ်းသပ်ခြင်းနှင့် နှလုံးသွေးကြောချဲ့ခြင်း ကုသပေးမှုလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့ကြသည့် အထူးကုဆရာဝန်ကြီးများ၊ အထူးကြပ်မတ်ကုသဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့ အကူသူနာပြုများနှင့် ဓာတ်မှန် (X-Ray) ကျွမ်းကျင်သူတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

တုပ်ကွေးရောဂါ ကာကွယ်ပါ

တုပ်ကွေးရောဂါသည် ရာသီမရွေးဖြစ်ပွားနိုင်သည်။ ရာသီဥတုအပြောင်းအလဲဖြစ်သည့် ယခုကာလမျိုးတွင် ပို၍ဖြစ်ပွားတတ်သည်။ တုပ်ကွေးဖျားလျှင် (၃-၄)ရက်ခန့် အရှိန်တက်၍ ဖျားခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မျက်လုံးပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းများဖြစ်တတ်သည်။

ဖြစ်ပွားရသည့်အကြောင်းရင်းမှာ ရာသီဥတုအပြောင်းအလဲကြောင့် သဘာဝအရ ဖြစ်ပေါ်တတ်သည့် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး ကူးစက်တတ်သည်။ တစ်ကိုယ်ရည်ကျန်းမာရေးကို ဂရုစိုက်လျှင် ဆောလျင်စွာ ပျောက်ကင်းသည်။

တုပ်ကွေးရောဂါမှကာကွယ်ရန်-

(က) နေပူမှလာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ။
(ခ) လက်ကိုသန့်ရှင်းသော ရေနှင့် ဆပ်ပြာဖြင့် မကြာခဏဆေးကြောပါ။
(ဂ) လူများပြားထူထပ်သောနေရာများကို ရှောင်ကြဉ်ပါ။ အနားယူပါ။
(ဃ) နှာချေလျှင်၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ပါ။
(င) ဖျားနာသူနှင့် ၄င်းအား အနီးကပ်ပြုစုသူများ ပါးစပ် နှာခေါင်းစည်းတပ်ပါ။
(စ) အာဟာရပြည့်ဝအောင်စားသုံးပါ။
(ဆ) ဗီတာမင်စီအပြည့်အဝပါသော အသီးအနှံနှင့် အရွက်များကိုစားပါ။

လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ သွားရောက်ပြသစစ်ဆေးမှုခံယူပါ။

လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်းသည် အသက်ရှူလမ်းကြောင်းမှ ဝင်ရောက်သော ရောဂါများနှင့် အစာအိမ်လမ်းကြောင်းမှ ဝင်ရောက်သောရောဂါများကို ထိရောက်စွာကာကွယ်နိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

စဉ့်ကိုင်(မြို့မ)အထက အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၄

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့(မြို့မ) အခြေခံပညာ အထက်တန်းကျောင်း၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁နာရီတွင် စဉ့်ကိုင်မြို့ အထကခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ တက်ရောက်ကြမည့် ရန်ကုန်မြို့မှ ကန်တော့ခံဆရာ ဆရာမကြီးများ၊ ကျောင်းသူ ကျောင်းသားဟောင်းများသည် ရွှေမန်းသူယာဉ်ဖြင့် လိုက်ပါနိုင်ရေး စက်တင်ဘာ ၂၉ရက် ညနေ ၅ နာရီအမီ လာရောက်ကြပါရန်နှင့် ဖုန်း-၀၁-၅၆၃၃၀၃နှင့် ၀၁-၅၆၁၁၉၁တို့သို့ စာရင်းပေးပို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

စက်တင်ဘာလအတွက် (၂၇-၉-၂၀၀၉)ရက်နေ့
အောက်တိုဘာလအတွက်
(၁၁-၁၀-၂၀၀၉)ရက်နေ့ နှင့် (၂၅-၁၀-၂၀၀၉)ရက်နေ့

နိုင်ပွဲစတင်ရရှိပြီး ဇယားအောက်ဆုံးမှ တက်လာနိုင်ခဲ့သည့် ဇေယျာရွှေမြေ F.C

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ-စိုင်းရဲရင့်၊ စာမျက်နှာဖွဲ့စည်းမှု-ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ဇေယျာရွှေမြေအသင်းမှ မာတင် ဆောက်သမ်းမြန်မာအသင်းဘက်သို့ ဂိုးသွင်းရန် ကြိုးစားစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၄

MNL Grand Royal 2009 အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာမှာ ဇေယျာရွှေမြေအသင်းက ဆောက်သမ်းမြန်မာအသင်းကို ခြေစွမ်းပြပြီး ဂိုးပြတ် အနိုင်ရရှိခဲ့ပါတယ်။

ဇေယျာရွှေမြေအသင်း -သုံးဂိုး

(ထူးကျော်၊ ကျော်ကိုကိုနှင့် ရဲဝေယံစိုး)

ဆောက်သမ်းမြန်မာအသင်း-ဂိုးမရှိ

ဇယားအောက်ဆုံးမှ အသင်းနှစ်သင်းဖြစ်သည်နှင့်အညီ နိုင်ပွဲရရန် လုပ်ဆောင်ခဲ့ပါတယ်။ ဇေယျာရွှေမြေက လေးပွဲကစား တစ်မှတ်သာရရှိသေးလို့ ဆွီဒင်လူမျိုး မစ္စတာစတီဗင်ဟန်ဆန်နည်းပြချုပ်အဖြစ် ပြောင်းလဲခန့်အပ်ထားတဲ့ အသင်းဖြစ်ပါတယ်။ ၄င်းအဖို့ ပွဲဦးထွက်မှာ ဂိုးပြတ်အနိုင်ရလို့ မျက်နှာပန်းလှခဲ့ပါတယ်။ ပြည်ပ ကစားသမားလေးဦးနဲ့ ပွဲပယ်ပြည့်လို့ မင်းသူဝင်ရောက် ကစားခဲ့ပါတယ်။ ရာဇာဝင်းသိန်းကတော့ ဒဏ်ရာရှိနေပြီး ကြံ့ခိုင်မှု မပြည့်ဝသေးလို့ မပါဝင်ခဲ့ပါဘူး။ ပွဲအစမှာ နားလည်မှုလွဲပြီး ကစားပုံသိပ်မကောင်းပေမယ့် နောက်ပိုင်းမှာ အချိတ်အဆက်မိလာခဲ့ပါတယ်။ ရသင့်တဲ့ အခွင့်အရေးများကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်ခဲ့လို့လည်း ယခုလို ဂိုးပြတ်နိုင်ခဲ့ရခြင်းလည်း ဖြစ်ပါတယ်။ ဆောက်သမ်းမြန်မာကတော့ ရှုံးနိမ့်ခဲ့လို့ နံပါတ်(၈)နေရာကို ရောက်သွားခဲ့ပါတယ်။ ပြည်ပ ကစားသမားလေးဦး ဒဏ်ရာရှိနေ၍ မပါဝင်နိုင်ဘဲ တာလွန်တစ်ဦးသာ ပါဝင်ကစားခဲ့ပါတယ်။ ဘီဂျိမ်းထွေးပြန်လည် ပါဝင်လာပေမယ့် အလုပ်မဖြစ်ခဲ့ပါဘူး။ နိုင်ဝင်းကလည်း ယခင်ပွဲ ခြေစွမ်းမျိုး မရဘဲ ခြေပျက်နေပါတယ်။ ပယ်နယ်တီသွင်းခွင့်ရပေမယ့်လည်း မဝင်ခဲ့ပါဘူး။ ဂျေဗွန်၊ ဘရိုက်တို့ မပါဝင်တဲ့အတွက် တိုက်စစ်က အရင်လို မထက်မြက်တော့ပါဘူး။ ပွဲတိုင်းမှာ ဂိုးသွင်းနိုင်ခဲ့တဲ့ တိုက်စစ်ဟာ ယခုပွဲမှာ ဂိုးသွင်းခွင့် အနည်းငယ်သာ ရရှိခဲ့ပါတယ်။

ဖွေ့ဆော်ဦးဂိုး

ပွဲအစကတည်းက နှစ်သင်းစလုံး အချိတ်အဆက်မမိ ဖြစ်နေကြပြီး ကစားပုံမကောင်းခဲ့ပါဘူး။ ဇေယျာရွှေမြေက တဖြည်းဖြည်း ကစားပုံကောင်းလာခဲ့ပါတယ်။ ၁၄မိနစ်မှာ မာဆယ်လို ထောင့်ကန်ဘောကန်တာကို ခေါင်းတိုက်သွင်းပေမယ့် တိုင်ဘေးက ကပ်ထွက်သွားပါတယ်။ မိနစ်၂၀မှာ ဆောက်သမ်းက နိုင်ဝင်း အပိုင်ကန်ခဲ့ပေမယ့် ဘေးကိုသာ ရောက်ရှိပါတယ်။ ဆက်တိုက်ဆိုသလို ဘယ်ခြမ်းက တင်ပေးလိုက်တဲ့ ဘောလုံးကို နိုင်လင်းဦး ကန်ရာမှာ အပေါ်ထောင်သွားပါတယ်။ ဒီနောက်မှာတော့ ဇေယျာရွှေမြေက ဖိကစားပြီး ဂိုးသွင်းရန် အခွင့်အရေးများ ရရှိလာပါတယ်။ ဂိုးသွင့်ခွင့်လေးကြိမ်ကို ဂိုးဝင်အောင်မလုပ်နိုင်ဘဲ ပထမပိုင်း ပြီးခါနီးမှ ထူးကျော်က ဖွေ့ဆော်ဦး သွင်းယူခဲ့ပါတယ်။ ဒီဂိုးက ဆောက်သမ်းနောက်ခံလူရဲ့အမှားကို ထူးကျော်က အသုံးချပြီး ဂိုးသမားနဲ့ တစ်ယောက်ချင်း အနေအထားက သွင်းခဲ့ပါတယ်။

သုံးဂိုးပြတ်နိုင်

ဒုတိယပိုင်းမှာ ဆောက်သမ်းတို့ ချေပဂိုး ရရှိရန် ဘီဂျိမ်းထွေး အစားမျိုးလှိုင်ဦး၊ စိုးမြတ်သူအစား ဆန်းမျိုးဦးတို့ လူစားလဲပြီး တိုက်စစ်မြှင့်ခဲ့ပါတယ်။ ဒါပေမယ့် တိုက်စစ် တက်မလာဘဲ ဇေယျာရွှေမြေကပဲ ဒုတိယဂိုး ထပ်မံသွင်းသွားပါတယ်။ ၆၁မိနစ်မှာ ကျော်ကိုကိုနဲ့ ရဲဝေယံစိုးတို့ အပေးအယူလုပ်ပြီး ကျော်ကိုကို သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ ၆၅မိနစ်မှာ လက်ထိခဲ့လို့ ပယ်နယ်တီရပေမယ့် နိုင်ဝင်း ကန်သွင်းတာကို ဇေယျာရွှေမြေဂိုးသမား ညီညီလွင် ကာကွယ်နိုင်ခဲ့ပါတယ်။ဇေယျာရွှေမြေကပဲ ဆက်လက်ဖိကစားပြီး ပွဲပြီးခါနီးမှာ တတိယမြောက်ဂိုးကို ရဲဝေယံစိုးကသွင်းခဲ့လို့ သုံးဂိုးပြတ် အနိုင်ရသွားခဲ့တာပါ။ ။

၂၆-၉-၂၀၀၉

သုဝဏ္ဏကွင်း

ကမ္ဘောဇ F.C နှင့် ရန်ကုန်ယူနိုက်တက် F.C။

(မြန်မာ့အလင်း)

ဇေယျာရွှေမြေအသင်းနှင့် ဆောက်သမ်းမြန်မာအသင်းတို့၏ ပွဲစဉ်၌ တစ်ခဲနက်လာရောက်အားပေးခဲ့ကြသူများ။ (မြန်မာ့အလင်း)



ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေး နည်းပြသင်တန်းဆင်း

ရန်ကုန် စက်တင်ဘာ ၂၄

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်း ဖွင့်လှစ်သော ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးနည်းစနစ် နည်းပြသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ချီးမြှင့်

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက သင်တန်းဆင်း အမှာစကားပြောကြားပြီးနောက် သင်တန်းတွင် ထူးချွန်တတိယဆုရရှိသော ဒေါ်အေးအေးမွန် ကသ-၅၄ ရောဝတီတိုင်းအား ဆုနှင့် ဆုကြေးငွေကျပ်တစ်သောင်းကို လည်းကောင်း၊ ဒုတိယဆုရရှိသော ဒေါ်သူဇာသန်း ကသ-၁ ကချင်ပြည်နယ်အား ဆုနှင့် ဆုကြေးငွေ ကျပ်နှစ်သောင်းကိုလည်းကောင်း၊ ပထမဆုရရှိသော ဒေါ်အိမွန်အောင် ကသ-၄၅ ရန်ကုန်တိုင်းအား ဆုနှင့် ဆုကြေးငွေ ကျပ်သုံးသောင်းကိုလည်းကောင်း ချီးမြှင့်ပေးအပ်သည်။

(အပေါ်ပုံ)

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်ရာ သင်တန်းသူများ ကိုယ်စား ဒေါ်ခင်နီနီဝင်း ကသ-၂ ကချင်ပြည်နယ်မှ လက်ခံယူသည်။ ထိုသင်တန်းသို့ သင်တန်းသူ ၆၃ဦး တက်ရောက်ကြရာ (က)အဆင့်ဖြင့် အောင်မြင်သူ ၁၇ဦး၊ (ခ)အဆင့်ဖြင့် အောင်မြင်သူ ၄၆ဦးရှိပြီး (က)အဆင့်ဖြင့် အောင်မြင်သူ ၁၇ဦးအား ဒိုင်သင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဟု သိရသည်။

(မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်)

အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ တီးတိန်၌ကျင်းပ

တီးတိန် စက်တင်ဘာ ၂၄

ချင်းပြည်နယ် တီးတိန်မြို့တွင် စားသောက်ဆိုင်လုပ်ငန်းများမှ အခွန်အပြည့်အဝ ရရှိရေးအတွက် စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ဩဂုတ်၂၉ရက် နံနက် ၁၁နာရီတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် အခွန်ဦးစီးမှူး ဦးသန်းလှက ပြေစာဆိုင်များ၊ စာရင်းဆိုင်များတွင် ထားရှိလိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ချစ်ကံပွင့်နှင့် မချောလေးဆယ် လာမည့်အပတ်၌ ရုံတင်မည်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် စက်တင်ဘာ ၂၄

ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာဒေါန ရိုက်ကူးပုံဖော်ထားသည့် ချစ်ကံပွင့်နှင့် မချောလေးဆယ် **ရုပ်ရှင်ကားကြီး လာမည့် သောကြာပတ်တွင် ရုံဝင်လာမည်ဖြစ်သည်။**

ပိုပြီးချစ်မယ့် မနက်ဖြန်ဇာတ်ကားမှ ကျော်ရဲအောင်နှင့် စိုးမြတ်သူဇာ။

ချစ်ကံပွင့်နှင့် မချောလေးဆယ်တွင် ရန်အောင်၊ ဟိန်းဝေယံ၊ ကျော်ကျော်ဗို၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ ကြည်လဲ့လဲ့ဦး၊ စိုးပြည့်သဇင်၊ခရစ္စတီးနား၊ သဒ္ဒါထက်၊ မိုးယုစံ၊ မိုးဒီ၊ ဇေလု၀၊ မော့စ်၊ ကင်းကောင်၊ ဧရာ၊ ငှက်ပျောကြော် စသည့် သရုပ်ဆောင်ပေါင်း များစွာ ပါဝင်ထားသည်။

ဇော်က ကနေဆဲ

ဒါရိုက်တာမီးပွား ရိုက်ကူးပြီး နေတိုး၊ နန္ဒာလှိုင်၊ ညွှန့်ဝင်း၊ ပုလဲဝင်း၊ ဇေလု၀၊ ဟဲဗီးဖြိုးတို့ ပါဝင်ထားသော **ဇော်က ကနေသည်** ဇာတ်ကားမှာ သမ္မတနှင့် သွင်ရုံတွင် ဆက်လက်ပြနေဆဲဖြစ်သည်။ **ချစ်လို့စတာ** ဇာတ်ကားမှာ ဝဇီရာ(၁)၊ ရွှေဗဟိုရ်၊ ဘုရင့်နောင်၊ ရောဝတီရုံတွင် ပြဆဲဖြစ်သည်။

နိုင်ငံခြားဇာတ်ကားများ

မင်္ဂလာရုံတွင် တိုကျိုမြို့ ရှင်ဂျူးကုရောက် ချစ်သူပျောက်ရှာရင်း ယာကူဇာဂိုဏ်းနှင့် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲရသော ဂျက်ကီချန်း၏ အက်ရှင်ဇာတ်ကား Shinjuku Incident ပြသနေပြီး နေပြည်တော်ရုံတွင် G-I joe (The rise of cobra) ဇာတ်ကား ဆက်လက်ပြသနေဆဲ ဖြစ်သည်။ ရွှေဆောင်ရုံတွင် ရာဇဝတ်မှု ထူထပ်လှသော အမေရိကန် ချီကာဂိုမြို့ရှိ ဘဏ်ဓားပြအကြောင်း ရိုက်ကူးထားသော Public Enemies ဇာတ်ကား တစ်ကျော့ပြန် ရုံဝင်လာသည်။

အိန္ဒိယဇာတ်ကားများ

မြို့မတန်းမြင့်ရုံတွင် ဒါရိုက်တာ အင်ဒရာကူးမား ရိုက်ကူးပြီး မင်းသားအမီးခန်း၊ မင်းသမီး မာနီးရှားလ်ကူးလာလားတို့ ပါဝင်ထားသော Mann ဇာတ်ကား ရုံဝင်လာသည်။

မယ်ဘွဲ့ရ မိန်းမချောလေးနှင့် လုပ်ငန်းရှင် ကောင်လေးတို့နှစ်ဦး၏ စင်ကာပူသွားသင်္ဘောပေါ်တွင် တွေ့ကြုံ ချစ်ကြပုံများကို ရိုက်ကူးထားသော မေတ္တာဘွဲ့ဇာတ်ကားဖြစ်သည်။ ဘုရင့်ရုံတွင် ရီသစ်ရိုရှန်၊ ရာနီးမူကာဂျီ၊ ကရီနာကပူးရ်တို့ ပါဝင်ထားသည့် Mujhse Doste Karoge ဇာတ်ကားကို ကြည့်ကြရမည်ဖြစ်သည်။

ပိုပြီးချစ်မယ့်မနက်ဖြန်

ဒါရိုက်တာကိုဇော်(အရဏ်ဦး)၏ **ပိုပြီးချစ်မယ့် မနက်ဖြန်** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ မဟာမြိုင်ရုံနှင့် လှိုင်သာယာ ဝဇီရာရုံများတွင် ရုံဝင်လာသည်။ ကပ်စေးနဲ လူပျိုကြီး ကျော်ရဲအောင်နှင့် အပျင်းထူ အပျိုကြီး စိုးမြတ်သူဇာတို့ အိမ်ထောင်ရေးပဋိပက္ခ ကမောက်ကမ ဖြစ်ရပုံများကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ လူမင်း၊ ထွန်းအိန္ဒြာဗို၊ ခိုင်ခန့်၊ မေသက်ခိုင်တို့ ပါဝင်ထားသော **တူသောအကျိုး** ဒီဗွီဒီ ဇာတ်ကားမှာ ရွှေမန်း၊ သီတာ၊ စံပြနှင့် မြရတနာရုံများတွင် ဆက်လက်ပြသဆဲဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

Public Enemies ဇာတ်ကားမှ ဘဏ်ဓားပြကြီး ဂျွန်ဒီလင်ဂျာ၏ အမူအရာ။

ဂရုပြုရမည့် အသံအိုးကျန်းမာရေး

ဒေါက်တာ အောင်ကျော်သန်း
(နား၊ နှာခေါင်း၊ လည်ချောင်း)

ကျွန်တော်တို့သည် မွေးကင်းစအရွယ်မှစ၍ ဘဝသက်တမ်းတစ်လျှောက်လုံး စကားပြောဆိုကြရပါသည်။ တချို့သည် အသက်မွေးဝမ်းကျောင်းအတွက် ပြောဆိုကြရပြီး တချို့မှာ တာဝန်ဝတ္တရားအရ ပြောဆိုဆုံးမ ညွှန်ကြားရပါသည်။ သို့ဖြစ်၍ ပြောဆိုသံသည် လူသားတို့၏ နေ့စဉ်ဆက်ဆံရေး၌ မရှိမဖြစ် အထူးအရေးကြီးလှပါသည်။

နေ့စဉ်ပုံမှန်စားသောက်ရာတွင် အသုံးပြုသောသွားများ ကြာရှည်ခိုင်မာစေရန်အတွက် သွားကျန်းမာရေးကိုလူတိုင်းနီးပါးလက်ခံပြီး၊ ပုံမှန်သွားတိုက်ခြင်းဖြင့် အသုံးပြုသော သွားများ ကျန်းမာရေးကိုဂရုစိုက်နေကြပါသည်။ သို့သော် မနက်အိပ်ရာထချိန်မှ ညအိပ်ရာဝင်သည်အထိ အကြိမ်ပေါင်းများစွာ အသုံးပြုနေကြသည့် အသံအိုး (LARYNX)ထဲမှ ကောင်းမွန်သောအသံများ ထွက်ပေါ်ရေးအတွက် ပြောဆိုသံ ကျန်းမာရေး (VOCAL HYGEINE) သည်လည်း အရေးကြီးလှကြောင်း သိကြရသည်မှာ မကြာသေးပေ။

သွားကျန်းမာရေးအတွက် သွားတိုက်တံကို အသုံးပြုနိုင်သော်လည်း ပြောဆိုသံကျန်းမာရေးအတွက် အသံအိုးကိုဆေးကြောရန် သွားတိုက်တံရှည်ရှည်မျိုးကို အသုံးပြု၍ မရပေ။ အသံအိုးသည် ထိမှုကိုအလွန်သိတတ်သော (TOUCH SENSITIVE) အင်္ဂါအစိတ်အပိုင်းဖြစ်ပါသည်။ ထိလိုက်သည်နှင့် ချောင်းဆိုးပြီး သီးတတ်ပါသည်။ ဆေးကြောရန် အရည်များလည်း အဝင်မခံပါ။ အာခေါင်ကို ပလုတ်ကျင်း၍လည်း အသံအိုးထဲသို့ မရောက်နိုင်။

ဆေးရည်များ မျိုချလျှင်လည်း မဝင်နိုင်အောင် အသံအိုးကို ကာကွယ်ထားပါသည်။ တစ်ခါတစ်ရံ အမြန်မျိုချမိလျှင်လည်းကောင်း၊ မျိုနေစဉ် အသက်ရှူမိ၍လည်းကောင်း သီးဖူးကြပါလိမ့်မည်။ ချဉ်ရည်ဟင်းပေါ်တွင် ဝေ့နေသော ငရုတ်ဆီသီးမိလျှင်မူ ပို၍အခံရဆိုးပါသည်။

အသံအိုးထဲသို့ ရောက်နိုင်သည်မှာ ရေငွေ့နှင့်အငွေ့ပြန်လွယ်သော ဆေးများ၏ အငွေ့များသာ ဖြစ်ပါသည်။ ရေငွေ့ဆိုရာ၌ အသက်ရှူစဉ် ဝင်လေနှင့်အတူပါလာသော ပတ်ဝန်းကျင်လေထုထဲမှ ရေငွေ့နှင့် လေပြွန်များထဲတွင်ရှိသော တွင်းရေငွေ့ဟူ၍ နှစ်မျိုးရှိပါသည်။ အသံအိုးထဲရှိ အသံကြောနှစ်ချောင်းသည် ပြောဆိုအသံပြုသောအခါ တုန်ခါနှုန်းမျိုးစုံ တုန်ခါမှုများစွာဖြင့် လှုပ်ရှားကြပါသည်။ တစ်ခုနှင့်တစ်ခု အကြိမ်များစွာ ထိခိုက်မိကြသော်လည်း ဒဏ်မဖြစ်အောင် အတွင်းရေငွေ့များက ကာကွယ်ထားကြပါသည်။ အတွင်းရေငွေ့နည်းသွားသည်နှင့် အသံကြောအတွင်းသားတွင် အလွန်သေးငယ်သော ဒဏ်များဖြစ်ပေါ်လေ့ရှိပါသည်။ ပြောဆိုသံကျန်းမာရေးအတွက် ကိုယ်တွင်းရှိ အတွင်းရေငွေ့များကို ပုံမှန်အတိုင်းထိန်းသိမ်းခြင်းသည် အဓိကဖြစ်ကြောင်း ကျွန်တော်တက်ရောက်ခဲ့သော (PHONOSURGERY AND VOCAL HYGEINE WORKSHOPS) ပြောဆိုသံအတွက် ခွဲစိတ်ကုသခြင်းနှင့် ပြောဆိုသံကျန်းမာရေး အလုပ်ပေးသင်တန်းများက မှတ်ချက်ချထားပါသည်။

တိုးတက်နေသော ဆက်သွယ်ရေးခေတ်၌ တစ်နေရာနှင့်တစ်နေရာ တစ်ဦးနှင့်တစ်ဦး မည်မျှပင်ဝေးကွာပါစေ ကွာဝေးသူများမဖြစ်အောင် ဆက်သွယ်ရေးကိရိယာမျိုးစုံက ဖန်တီးပေးထားကြပါပြီ။ ပညာရေး၊ စီးပွားရေး၊ မိသားစု အရေး၊ စဉ်းစားဆုံးဖြတ်ရေး၊ အုပ်ချုပ်ရေးတို့တွင် မရှိမဖြစ် အသံကိုအသုံးပြုနေရပါသည်။ ပြောဆိုသံပြောင်းခြင်း၊ ပြောဆိုသံမကောင်းတော့ခြင်း၊ ကြာကြာမပြောနိုင်ခြင်းတို့ကြောင့် သင်ကြားပို့ချခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ ရှည်လျားသော ရှင်းလင်းတင်ပြခြင်းတို့တွင် အခက်အခဲရှိကြပါသည်။ သီဆိုခြင်းဖြင့် အသက်မွေးကြသော အဆိုတော်များ ပင်ကိုသံပြောင်းသွားပါက တေးချစ်သူတို့ မမှတ်မိတော့ပါ။ LIVE SHOW တွင် လူကိုယ်တိုင်သီဆိုနေသော်လည်း နားရည်ဝနေသော ပင်ကိုသံနှင့်မတူတော့လျှင် ပရိသတ်များမကြိုက်တော့ပါ။ VOICE ACTIVATED REMOTE CONTROL စကားပြောသံကိုအသုံးပြုသော ဖွင့်ပိတ်ခလုတ်များသည် အသုံးပြုသူ၏အသံပြောင်းသွားပါက အလုပ်မလုပ်တော့ပါ။

မလေးရှားနိုင်ငံတွင် အလုပ်လုပ်နေစဉ်က တွေ့ကြုံခဲ့ရသည့် ပြောဆိုသံပြဿနာရှိသော လူနာတချို့အကြောင်း တင်ပြလိုပါသည်။ ၂၀၀၀ပြည့်နှစ်တွင် အသက်(၂၄)နှစ်အရွယ် တရုတ်လူမျိုးကျောင်းဆရာမတစ်ဦးအား (POLY CLINIC) ဒေသန္တရကျန်းမာ ရေးဆေးပေးခန်းမှ လွှဲလာပါသည်။ လုပ်သက်နှစ်နှစ်သာရှိသေးသည့် ၄င်းဆရာမသည် စကားပြောလျှင် အသံနှစ်သံထွက်နေပြီး ညနေပိုင်း သင်ကြားပို့ချချိန်တွင် အသံပျောက်သွားလေ့ရှိကြောင်း လွှဲစာတွင် ပါရှိပါသည်။ သူမနှင့်စကားပြောကြည့်သောအခါ အားယူပြီးညှစ်နေသလို ပြောနေပါသည်။ အသံမှာလည်း နှစ်သံထွက်နေပါသည်။ အသံအိုးကြည့်မှန်ပြောင်းဖြင့် ကြည့်သောအခါ အသံကြော (VOCAL CORDS)များ ပုံမှန်လှုပ်ရှားနေကြပါသည်။ အားယူ၍ညှစ်သောအခါတွင် အသုံးပြုသော အသံကြောတု (FALSE VOCAL CORD)ကလည်း မလိုအပ်ဘဲ ပြိုင်တူတုန်ခါနေ၍ ပြောဆိုသံနှစ်သံထွက်နေခြင်း (DYSPHONIA) ဖြစ်ပါသည်။ ယင်းအခြေအနေ၌ ခွဲစိတ်ကုသရန် မလိုအပ်ပါ။ သို့သော် အသံပိုကျယ်လာအောင် အသံကိုမညှစ်ဘဲ မြှင့်တင်တတ်အောင် လေ့ကျင့်ခန်းများပြုလုပ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် စကားပြောလေ့ကျင့်ခြင်း ကျွမ်းကျင်သူ (SPEECH THERAPIST)နှင့် ဆွေးနွေးလေ့ကျင့်ခန်းယူရန် လွှဲပေးလိုက်ပြီး ရေများများသောက်ရန်လည်း ညွှန်ကြားလိုက်ပါသည်။ နှစ်နှစ်ခန့် လေ့ကျင့်ခန်းယူပြီးနောက် အသံနှစ်သံဖြစ်နေသည်မှာ ကောင်းသွားပြီး ညနေပိုင်းပို့ချချိန်တွင်လည်း အသံမှန်သွားပါသည်။

အသက် (၅၀)ခန့်ရှိသော တရုတ်လူမျိုး စီးပွားရေးသမားတစ်ဦးမှာမူ အင်္ဂလိပ်နှင့် မလေးစကား ကောင်းစွာမပြောတတ်သဖြင့် သူ၏ဇနီးအား စကားပြန်အဖြစ် ခေါ်လာပါသည်။ ကာရာအိုကေဆိုသည့်အခါ အသံကောင်းကောင်း မထွက်၊ လက်ကိုင်ဖုန်းဖြင့် စကားပြောသည့်အခါ တစ်ဖက်မှလူများ သူပြောတာနားမလည်ကြောင်း သူ့ဇနီးက ပြောပြပါသည်။ စမ်းသပ်နေစဉ် လက်ကိုင်ဖုန်းလာသဖြင့် အပြင်ထွက်ပြီး စကားသွားပြောပါသည်။ တရုတ်ဘာသာဖြင့် ကျယ်လောင်စွာအော်ဟစ်၍ ရန်ဖြစ်သလိုပြောနေခြင်းကို (၁၀)မိနစ်ခန့်စောင့်နေရပါသည်။ အသံအိုးကို မှန်ပြောင်းဖြင့် စစ်ကြည့်သောအခါ အသံကြောများတွင် နှမ်းစေ့ခန့် အသားမာများ ဖြစ်ပေါ်နေပါသည်။ ယင်းအသားမာများကို အသံအိုးအနုစိတ်ခွဲစိတ်ခြင်း(MICROLARYNGEAL SURGERY)ဖြင့် ကုသပါက အသံပြန်ကောင်းနိုင်ပြီး စကားပြောမဆင်ခြင်လျှင် ပြန်ဖြစ်နိုင်ကြောင်းရှင်းပြပါသည်။ လူနာ၏ဆန္ဒအရ အသံကြော အသားမာများ (VOCAL NODULES)များကို ခွဲစိတ်လိုက်ပါသည်။ နှစ်ပတ်ကြာ၍ ပြန်စစ်ဆေးသည့်အခါ အသံပြန်ကြည်သွားပါပြီ။ ခြောက်လအကြာ၌ အသံပြာလာပြီး အသံကြောအသားမာများလည်း ပြန်ပေါ်လာပါသည်။ စကားကို ပုံမှန်ပြောရန်၊ အော်ဟစ်ငြင်းခုံခြင်း၊ အသံကျယ်လောင်စွာဖြင့် စကားပြောခြင်းကို ရှောင်ရှားရန်၊ စကားများများ ပြောရသည့်နေ့၌ ကာရာအိုကေမဆိုရန်၊ ရေများများသောက်ရန်သာ ပြောကြားနိုင်ပါသည်။ ခြောက်လအကြာ ပြန်စစ်ဆေးရာ၌ အသံပြန်ကြည်နေပါပြီ။ စီးပွားရေးမကောင်းသောကြောင့် လက်ကိုင်ဖုန်းဖြင့်စကားပြောခြင်း နည်းသွားပြီး ကျယ်လောင်စွာအော်ဟစ်ငြင်းခုံခြင်းလည်း မရှိတော့ပါ။ ကာရာအိုကေလည်း မဆိုဖြစ်တော့ပါဟု ဇနီးသည်က ပြောပြသွားပါသည်။

နောက်လူနာတစ်ဦးမှာ အသက်(၄၀)အရွယ် အီဘန်း (IBAN)ဟု ခေါ်သော ဆာရာဝပ်ပြည်နယ်မှ တိုင်းရင်းသား အဆိုတော်တစ်ဦးဖြစ်ပြီး စီးရီးသုံးခုထွက်ပြီးနောက် အသံပြောင်းသွား၍ လာရောက်ပြသခြင်းပါ။ ဆေးလိပ်သောက်ပြီး ဘီယာလည်း တော်တော်ကြိုက်ကြောင်းသိရပါသည်။ အသံအိုးကိုစမ်းကြည့်သည့်အခါ သံပရာစေ့ခန့်ရှိသော အသားပို (VOCAL POLYP) ကို တွေ့ရှိပါသည်။ ခွဲစိတ်ကုသရန် သဘောတူသည့်အတွက် အသားပိုကိုထုတ်ပြီး အသားစစစ်ဆေးခြင်း (BIOPSY)လုပ်ပါသည်။ အသံအိုး အနုစိတ်ခွဲခြင်းပြုလုပ်နေစဉ် အသံကြောများကို အသေးစိတ်စစ်ဆေးသောအခါ အတွင်းသားများ ပါးပါးပြားပြားမရှိတော့ဘဲ ထူ၍နီရဲနေပါသည်။ နှစ်ပတ်အကြာပြန်ကြည့်သည့်အခါ ရိုးရိုး အသားပိုဖြစ်ကြောင်း အသားစအဖြေအရသိရပါသည်။ အသံနည်းနည်းသာ ပိုကောင်းလာပါသည်။ သူယူလာသော အချစ်နှင့်ခံစားမှုများကို ဖွဲ့ဆိုထားသည့်တိပ်ခွေမှ အသံနှင့် လက်ရှိအသံကို ယှဉ်နားထောင်ရာ အတော်ပင်ကွာနေပါသည်။ ဆေးလိပ်နှင့်အရက် အလွန်အကျွံသုံးစွဲခြင်းကြောင့် အသံကြောများပုံစံပြောင်းသွားသဖြင့် အသံပြောင်းသွားရခြင်းဖြစ်ပါသည်။ လူနာအား ဆေးလိပ်နှင့်အရက်ကိုဖြတ်ရန်၊ ယခုခေတ်စားနေသည့် (ROCK/RAP)သီချင်းများမှာ အသံပြဲအသံပြာဖြင့်သီဆိုနိုင်သောကြောင့် ယင်းကဲ့သို့ သီချင်းမျိုး ပြောင်းဆိုရန်သာ အကြံပေးနိုင်ခဲ့ပါသည်။ တစ်နှစ်ကြာ၍ ပြန်ကြည့်သောအခါ အသံကြောအသားပိုများ ထပ်မဖြစ်တော့ပါ။ ဆေးလိပ်နှင့်အရက်ပြတ်သွားပြီး သီချင်းဆိုခြင်းကို အနားပေးလိုက်ကြောင်း သိရပါသည်။

၂၀၀၆ ခုနှစ်ကုန်ခါနီးတွင် အသက်(၅၈)နှစ်အရွယ် မလေးလူမျိုး ပင်စင်စားကျောင်းအုပ်ဆရာကြီးတစ်ဦး အသံဝင်ပြီး ချောင်းခြောက်ယားယံဆိုးနေခြင်း (IRRITATIVE COUGH) ကြောင့် ဒေသန္တရကျန်းမာရေးဆေးခန်းမှ လွှဲလာပါသည်။ ကိုယ်အလေးချိန်မှာ ရှိသင့်သည်ထက် ကီလို၂၀ပိုနေပါသည်။ ဆေးလိပ်နှင့်အရက် လုံးဝသောက်သုံးခြင်းမရှိပါ။ ကျောင်းဆရာဖြစ်စဉ်က တစ်ခါမှအသံဝင်၊ အသံပြောင်းခြင်းမရှိဟုလည်းဆိုပါသည်။ လွှဲစာတွင် တံတွေး၌ (TB) ပိုးနှင့် အခြားပိုးများမရှိကြောင်း၊ အဆုတ်ရောဂါများအတွက် ရင်ခေါင်းဓာတ်မှန်၊ နှလုံးအတွက် ECG နှင့်၊ အခြားသောစစ်ဆေးမှုများလည်းကောင်းကြောင်း ဖော်ပြထားပါသည်။ လူနာအား စစ်ဆေးကြည့်ရာတွင် လည်ချောင်းတစ်ခုလုံး နီရဲနေပြီး အသံအိုးထဲမှ အသံကြောများလည်း ထူပြီး နီနေပါသည်။ စမ်းသပ်နေစဉ် လူနာသည် အကြိမ် ၅၀ခန့် ချောင်းဟန့်ပြီး လည်ချောင်းရှင်းနေပါသည်။ နေ့ခင်း ထမင်းစားပြီးပြီးချင်း တစ်နာရီခန့်အိပ်တတ်ပြီး ညစာစားပြီး နှစ်နာရီခန့်တွင် အိပ်လေ့ရှိကြောင်း သိရပါသည်။

အသက် ၄၀ ကျော်သူများ၏ အစာအိမ်နှင့် အစာရည်မြိုကို ထိန်းထားသော ကြွက်သား (GASTRO OEOPHAGEAL SPHINCTER) သည် ညောင်းလာတတ်ပါသည်။ ယင်းကြွက်သားသည် အစာအိမ်ထဲမှ အချဉ်ရည် (ACID) များကို အစာရည်မြိုဘက်သို့ ပြန်စီးမသွားရန်တားသည့်လုပ်ငန်းကို ဆောင်ရွက်ပေးပါသည်။ အိပ်မောကျသွားသည့်အခါ ယင်းကြွက်သားလည်း အနားယူ (RELAX) သွားပါသည်။ အစာအိမ်ထဲမှ အစာမကြေညက်ခင်အိပ်သူများ၊ ကိုယ် အလေးချိန်တိုး၍ ဗိုက်ရွှဲသူများ၊ အသက်အရွယ်ကြီးသူများတွင် အစာအိမ်မှအချဉ်ရည် (ACID) များသည် အစာရည်မြိုကို ဖြတ်သန်းကာ လည်ချောင်းထဲအထိရောက်ပြီး လည်ချောင်းအတွင်းသားများအား လောင်ကျွမ်းစေသောကြောင့် လည်ချောင်းနာခြင်း၊ လည်ချောင်းထဲတွင် ခိုးလိုးခုလုဖြစ်ခြင်း၊ အသံအိုးရောင်ခြင်း၊ ချောင်းခြောက်ယားယံဆိုးခြင်းတို့ ဖြစ်ပေါ်နိုင်ပါသည်။ ယင်းအခြေအနေကို အစာအိမ်မှအချဉ်ရည် လည်ချောင်းထဲသို့ ပြန်စီးဝင်သည့်ရောဂါ (GASTRO-PHARYNGEAL REFLUX DISEASEGPRD) ဟု ခေါ်ပါသည်။

ယင်းလူနာအတွက် ခွဲစိတ်ကုသရန်မလိုသည့်အတွက် ကိုယ်အလေးချိန်လျှော့ရန်၊ အုန်းနို့၊ဆီ၊ထောပတ်၊ အချိုများသော အစာများကိုရှောင်ရန်၊ ညစာစားပြီး အနည်းဆုံး သုံးနာရီကြာမှအိပ်ရန်၊ အိပ်သည့်အခါ ခေါင်းအုံးနှစ်လုံးသုံးရန် အကြံပေးလိုက်ပါသည်။ အစာအိမ်ဆေးနှင့်အငွေ့ပြန်လွယ်သောရှူဆေးများသုံးရန် ညွှန်ကြားလိုက်ပါသည်။ တစ်လအကြာ၌ ကိုယ်အလေးချိန်မလျှော့သေးပါ။ ချောင်းဆိုးသက်သာပြီး လည်ချောင်းလည်း မနီတော့ပါ။ အစာအိမ်ဆေးကို ဖြတ်လိုက်ပြီး အားကစားလုပ်ရန်နှင့် ညစာလျှော့စားရန် ထပ်ညွှန်ကြားလိုက်ပါသည်။ လေးလအကြာ ပြန်ကြည့်စဉ် ကိုယ်အလေးချိန် သုံးကီလိုကျသွားပြီး ချောင်းမဆိုးတော့ဘဲ အသံလည်း ပုံမှန်ဖြစ်သွားပါသည်။

ယင်းလူနာများ၏ဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် ပြောဆိုသံကျန်းမာရေးအသိလည်းအရေးကြီးကြောင်း ထင်ရှားပါသည်။ အသံဖြင့်အသက်မွေးဝမ်းကျောင်းပြုရသူများနှင့် အကြောင်းကြောင်းကြောင့် မကြာခဏနှင့် ကြာရှည်စွာ စကားပြောရသူများသည် အာမခြောက်ခင်ကပင် ရေဝအောင်သောက်ထားရန်အရေးကြီးပါသည်။ အာညောင်းလာမှ ရေသောက်ပါက ပြောဆိုသံ ကျန်းမာရေးအတွက် နောက်ကျနေပါပြီ။ အော်ဟစ်ကျယ်လောင်စွာဖြင့်လည်းကောင်း၊ ညှစ်သံဖြင့်လည်းကောင်း စကားပြောလေ့ရှိသူများ၏ ပြောဆိုသံကို ပုံမှန်ကောင်းမွန်လာအောင် ကုသရန်ခက်ခဲပြီး အချိန်ကြာတတ်ပါသည်။ ဆေးလိပ်နှင့်အရက် အလွန်အကျွံသောက်ခြင်းသည် လည်ချောင်းနှင့်အဆုတ်ကင်ဆာရောဂါ ဖြစ်နိုင်ရုံမက အသံကြော၏အသေးစိတ်ပုံစံကို ထာဝရပြင်မရအောင် ပြောင်းနိုင်ပါသည်။ အငွေ့ပြန်လွယ်သော ဓာတုပစ္စည်းများကို အသုံးပြုရသောသူများသည် လိုအပ်သော နှာခေါင်းစည်းများ အသုံးမပြုပါက အသံအိုးသာမက အဆုတ်ကိုပါ ပျက်စီးစေနိုင်ပါသည်။

အသက်(၄၀)ကျော်ပြီး အဝလွန်ဗိုက်ရွှဲသူများ၊ အစားအဝစားပြီး အိပ်တတ်သူများသည် ပြောဆိုသံ ကျန်းမာရေးမည့်သော်လည်း အစာအိမ်ချဉ်ရည် လည်ချောင်းထဲ ပြန်ဝင်သောရောဂါ (GPRD)ဖြစ်နိုင်၍ အသံဝင်၊ အသံပြောင်းနိုင်ပါသည်။ ထိုကဲ့သို့ မဖြစ်ရန် မိမိ၏ကိုယ်အလေးချိန်လျှော့ချရန်အတွက် အားကစားလေ့ကျင့်ခန်းများ ပုံမှန်နှင့် မကြာခဏပြုလုပ်ခြင်း၊ အုန်းနို့၊ ဆီ၊ ထောပတ်၊ ချိုသောအစားအစာများ စားသုံးခြင်းမှ ရှောင်ခြင်း၊ ညစာကို လျှော့စားခြင်း၊ အစာမကြေခင်အိပ်စက်မှုကို ရှောင်ခြင်းတို့ကို ပြုလုပ်သင့်ကြပါသည်။ ယင်းအကျင့်များသည် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ကို ကာကွယ်နိုင်သည့် အလွန်အရေးကြီးသော အကျင့်များ ဖြစ်ကြပါသည်။

အသံကြောကို ထိန်းချုပ်ထားသော ပြောဆိုသံအာရုံကြော (RECURRENT LARYNGEAL NERVE) သည် ဦးနှောက်နှင့် အာရုံကြောရောဂါ၊ လည်ပင်းကြီးရောဂါ၊ အဆုတ်နှင့် နှလုံးရောဂါများအား ခွဲစိတ်ကုသရစဉ် ဆိုးကျိုးရလဒ်များကြောင့်လည်း ပျက်စီးတတ်ပါသည်။ လည်ချောင်းရောဂါမျိုးစုံကြောင့်လည်း ပြောဆိုသံ ပြောင်းနိုင်ပါသည်။ သို့ဖြစ်ပါ၍ မည်သည့်အသက်အရွယ်မဆို အသံပြောင်း၊ အသံအက်သွားပါက ဆေးမြီးတိုများကို စမ်းသပ်ပြောင်းလဲအသုံးပြုခြင်းဖြင့် အချိန်မကုန်သင့်ဘဲ တတ်ကျွမ်းသူများနှင့် ပြသကုသသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

အသက်(၄၀)ကျော်ပြီး အဝလွန်ဗိုက်ရွှဲ သူများ၊ အစားအဝစားပြီး အိပ်တတ်သူများ သည် ပြောဆိုသံ ကျန်းမာရေးမည့်သော် လည်း အစာအိမ်ချဉ်ရည် လည်ချောင်းထဲ ပြန်ဝင်သော ရောဂါ(GPRD) ဖြစ်နိုင်၍ အသံဝင်၊ အသံပြောင်းနိုင်။

မြန်မာပြည်တွင်း ဂေါက်သီးရိုက်ပြိုင်ပွဲ သတင်းစာရှင်း ပရော်ဖက်ရှင်နယ်နှင့် အပျော်တမ်းအဆင့် ယှဉ်ပြိုင်နိုင်

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၀၉-၂၀၁၀ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲနှင့် ဒဏ်ရာရကမ္ဘာ့လူငယ် ဂေါက်သီးချန်ပီယံ နေဗလဝင်းမြင့်အား ဆေးကုသစရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၁ရက် ညနေ ၅နာရီခွဲက ဆီဒိုးနားဟိုတယ်တွင်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဦးသောင်းထိုက်၊ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးမင်းသိန်းနှင့် ဦးအောင်ကြည်၊ အမှုဆောင်များ၊ စာနယ်ဇင်း မီဒီယာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာပီဂျီအေ အတွင်းရေးမှူး ဦးချမ်းဟန်က ပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ အခြေအနေများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာသော စာနယ်ဇင်း၊ မီဒီယာများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် မြန်မာပီဂျီအေ အတွင်းရေးမှူး ဦးချမ်းဟန်က ၂၀၀၈-၂၀၀၉ မြန်မာပြည်တွင်း ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် Main-Sponsor နှင့် Co-Sponsor အဖြစ် ပါဝင်ကူညီခဲ့သည့် Sponsor များအားအမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်သည်။ ယင်းနောက်မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတေဇက ပေးအပ်ထောက်ပံ့သည့် ဒဏ်ရာရကမ္ဘာ့လူငယ်ဂေါက်သီးချန်ပီယံ နေဗလဝင်းမြင့်အတွက် ဆေးကုသစရိတ် အမေရိကန်ဒေါ်လာ ၁၀၀၀၀ကို ဥက္ကဋ္ဌကိုယ်စား HTOO GROUP OF COMAPNIES မန်နေဂျင်းဒါရိုက်တာ ဦးကျော်သီဟက ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

နေဗလဝင်းမြင့်သည် ပြည်တွင်း၊ ပြည်ပ ဂေါက်သီးရိုက်ပြိုင်ပွဲများမှ ဆုတံဆိပ်ပေါင်း ၅၀ကျော် ရရှိထားပြီး ကမ္ဘာ့ချန်ပီယံအဆင့် ဝင်ထားသူဖြစ်ကာ စက်တင်ဘာ ၁၁ရက်တွင် လေ့ကျင့်ခန်းအပြီး ချော်လဲရာမှ ပခုံးအဆစ်လွဲပြီး ပခုံးထိန်းဆစ်အရိုးတစ်ခု ကျိုးပဲ့သွားခြင်းဖြစ်ပြီး စင်ကာပူနိုင်ငံတွင် သွားရောက်ခွဲစိတ် ကုသရမည်ဖြစ်သည်။ နေဗလဝင်းမြင့်သည် ထူးချွန်သောနိုင်ငံဂုဏ်ဆောင် မြန်မာဂေါက်သီးသမားတစ်ဦးဖြစ်သောကြောင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးတေဇက ထူးချွန်မြန်မာအားကစားသမား တစ်ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ကူညီခြင်းဖြင့် အခြားအားကစားသမား လူငယ်များလည်း ယင်းသို့အောင်မြင်မှုများ ရရှိအောင် ကြိုးစားကြစေလိုသည့် ရည်ရွယ်ချက်ဖြင့် ထောက်ပံ့လှူဒါန်းခြင်းဖြစ်ပြီး မြန်မာ့အားကစား လောကတိုးတက်ရေးအတွက် ထူးချွန်အားကစားသမားများကို မွေးထုတ်ခြင်း၊ စောင့်ရှောက်ခြင်းများ ပြုလုပ်ကြစေရန် စံနမူနာအဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုက်ထိုက်တန်တန်

၂၀၀၉-၂၀၁၀ခုနှစ် မြန်မာပြည်တွင်း ဂေါက်သီးရိုက်ပြိုင်ပွဲများကို မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်တို့မှ ကြီးမှူး၍ Air Bagan Co., Ltd. နှင့် International Beverages Trading Co.,Ltd. တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသွားမည်ဖြစ်သည်။ နေပြည်တော် အိုးပင်ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၉ရက်မှ အောက်တိုဘာ ၂ရက်အထိ နေပြည်တော် City Golf Course တွင် ကျင်းပမည်ဖြစ်သည်။ Air Bagan Open Golf Championships ပြိုင်ပွဲကို အောက်တိုဘာ ၁၅ရက်မှ ၁၈ရက်အထိ ပုဂံမြို့တွင်လည်းကောင်း၊ အောက်တိုဘာ ၂၉ရက်မှ နိုဝင်ဘာ ၁ရက်အထိ ပြင်ဦးလွင်မြို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၉ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့တွင်လည်းကောင်း၊ IBTC Open Golf Championship ပြိုင်ပွဲကို နိုဝင်ဘာ ၁၂ရက်မှ ၁၅ရက်အထိ မန္တလေးမြို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၁ရက်မှ၄ရက်အထိ ရန်ကုန်မြို့တွင်လည်းကောင်း၊ ဇန်နဝါရီ ၇ရက်မှ ၁၀ရက်အထိ တောင်ကြီးမြို့တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများကို ပရော်ဖက်ရှင်နယ်နှင့် အပျော်တမ်းအဆင့် ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ထနောင်းပင်ဝိုင်းကျေးရွာ စက်ရေတွင်း ပြုပြင်မှုအခြေအနေကို အမှုဆောင်အရာရှိ ဦးမောင်စိုး ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Myanmar Top One Co.,Ltd ၏ Bill of Lading No. MAARGN-09080020 Original မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

ဖုန်း-၆၄၂၀၆၃၊ ၀၉-၅၁-၁၂၂၄၂။

အမြန်ပြန်လာပါ

ကျွန်တော်၏ ဇနီးဖြစ်သူ မဘီဆိုင်းဂျာ ၉/မနမ(နိုင်)၁၀၈၂၆၇သည် ၁၉-၉-၂၀၀၉ရက်တွင် နေအိမ်မှ ထွက်သွားပါသဖြင့် အားလုံးစိတ်ပူနေသည်။ မည်သည့် ပြဿနာမျှမရှိပါ။

ခင်ပွန်း - ကိုဂွန်ခေါင်အောင် ၉/မနမ(နိုင်) ၀၉၈၈၇၄

သား - ဂါဂါး

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ P.P အမှတ်-၇၆၉၀၈၀ ပျောက်သွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

မောင်ဆန်းလင်းနိုင်

ဖုန်း-၀၉-၅၁-၂၁၉၀၂။

အခြေခံဘောလုံး/ဖူဆယ်ဒိုင်လူကြီးသင်တန်းဆင်း

ရေဦး စက်တင်ဘာ ၂၄

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အခြေခံဘောလုံး/ဖူဆယ်ဒိုင်လူကြီးသင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၂ရက် နံနက် ၁၀နာရီက မြို့နယ် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက အမှာစကား ပြောကြားသည်။

ချီးမြှင့်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက သင်တန်းဆင်းလက်မှတ်ပေးအပ်ချီးမြှင့်ရာ သင်တန်းသားသင်တန်းသူ ၄၃ဦးတို့ ကိုယ်စား သင်တန်းသားဦးချစ်ကိုကိုက လက်ခံယူပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်က သင်တန်းနည်းပြဆရာ ဦးတင်ဝင်းညွန့်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။

ထို့နောက် သင်တန်းသားသင်တန်းသူများကိုယ်စား ဦးချစ်ကိုကိုက သင်တန်းနည်းပြဆရာ ဦးတင်ဝင်းညွန့်အား ဂါရဝပြုလက်ဆောင် ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန္နီမြို့နယ် ပန်ဖတ်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဩဂုတ်၁၆ရက်က ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းကိုစိန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တာလေ၌ ရေမြောင်းများတူးဖော်

တာလေ စက်တင်ဘာ ၂၄

တာလေမြို့တွင်း လမ်းဘေး ဝဲယာရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေးနှင့် မြောင်းအတွင်း ရေဆိုးများ မရှိစေရေးအတွက် ရေမြောင်းများတူးဖော်လျက်ရှိရာ စက်တင်ဘာ ၃ရက်က မြို့အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်၊ အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးကျော်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြခဲ့သည်။

(မြို့နယ်စည်ပင်)

မရမ်းကုန်းမြို့နယ် အထက(၂) ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

မရမ်းကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်းအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ရက် နံနက် ၉နာရီက အဆိုပါကျောင်းခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် ၂၀၀၈-၂၀၀၉ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူ ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၁၅ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၄ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၆ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၇ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၅၇ဦးနှင့် ကျောင်းအတွင်း အတန်းလိုက် ပညာရည်ချွန်ဆုရရှိသူများ၊ ကျောင်းတက်မှန်မှုနှင့် သင်ပြမှုထူးချွန်ဆုရရှိသော ဆရာ ဆရာမများအား ဆုများအသီးသီးချီးမြှင့်ခဲ့ကြပြီး ငါးဘာသာဂုဏ်ထူးရှင် မစောမြစန္ဒီအား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်စုစုလှိုင်က ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

(အပေါ်ပုံ) (၁၁၁)

ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကိုကိုအောင် ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ အိမ်သုံးဆေးဝါးများကို မူးယစ်ဆေးဝါးအသွင် အလွဲသုံးစားပြုခြင်း၏ အန္တရာယ်ဆိုးကျိုးအကြောင်း အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၂၁ရက်က မှော်ဘီမြို့နယ် အထက(၂)ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းထွန်းဦးက ဟောပြောစဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည့် မြို့ဦးလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ကွန်ကရစ်တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နိုင်စိုးနှင့် မြို့နယ်စာရင်းစစ်အရာရှိ ဦးတင်လှတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းဇော်ဟန်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။

* RFA, DVB - သွေးထိုးနေသည်။

* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

* နားမယောင်လေနဲ့ သတိထား။

ရန်ကုန်-ပုသိမ်လမ်းပိုင်း တစ်နေရာကို ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း - ဆောက်လုပ်ရေးဝန်ကြီးဌာန

ယနေ့ခေတ် မော်တော်ယာဉ်များနှင့် မြန်မာနိုင်ငံ၏လမ်းများ (၆)

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်

ဓာတ်ပုံမှတ်တမ်း
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာမျက်နှာဖွဲ့စည်းမှု
လဲ့လဲ့ဝင်း (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၂၄

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်းပုံစံထုတ်ဌာနခွဲများ

လမ်းများပုံစံထုတ်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် လမ်းပုံစံထုတ်ဌာနခွဲနှင့် လမ်းသုတေသနဌာနခွဲဟူ၍ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ထိုအဖွဲ့သည် လမ်းအနေအထားပုံစံထုတ်ရာ၌ ရှေးဦးစွာတည်ဆောက်ရမည့် လမ်းအဆင့်ကိုရွေးရပါသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ခံသုံးစွဲသော လမ်းအဆင့်များမှာ D-VI မှ D-I အထိနှင့် ဟိုင်းဝေးနှင့်စူပါဟိုင်းဝေးဟူ၍ ဖြစ်သည်ဟုဆိုသည်။ *စာမျက်နှာ ၈ ကော်လံ ၁* *

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဧပြီ ၂၈ရက်မှ စတင်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ New Influenza A(H1N1) အတည်ပြုလူနာ ၄၆ ဦးရှိပြီး သေဆုံးသူမရှိကြောင်း၊ ၄၁ ဦးမှာ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှဆင်းပေးပြီးဖြစ်ကြောင်း၊ လက်ရှိဆေးရုံတက်လူနာ ငါးဦးရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း
သတင်းဆောင်းပါး အညွှန်း

မောင်မောင်မြင့်ဆွေ၏ စက်မှုလယ်ယာကူးပြောင်းဖို့ စပါးရိတ်စက် သုံးစွဲကြစို့ သတင်းဆောင်းပါး စာမျက်နှာ ၆ တွင် ဖတ်ရှုနိုင်ပါသည်။

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။